ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့ (3-12-2010) (ဖ၆၀၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ အိမ်တွင်းအလှဆင်နှင့် အီလက်ထရွန်နစ် အထူးစျေးရောင်းပွဲတော်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသော နိုင်ငံတကာအဆင့်မီ အိမ်တွင်းအလှဆင်နှင့် အီလက်ထရွန်နစ် အထူးစျေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ Naing Group Construction Co., Ltd. နှင့် Silver Stone Co., Ltd. တို့မှ တာဝန်ရှိသူများ၊ ပြပွဲကျင်းပရေးကော်မတီဝင်များ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

မြန်မာနိုင်ငံအနေနှင့် နိုင်ငံတော်၏ အားပေးထောက်ခံမှု၊ 3 Diseases Fund စသည့် ရန်ပုံငွေ ကူညီပံ့ပိုးမှုများအပြင် ၂၀၁၀ ခုနှစ်မှာ Global Fund Round-9 မှ ရန်ပုံငွေကူညီပံ့ပိုးမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လာမည့်နှစ်တွေအတွက် ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများ ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်ကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ၏ ရောဂါဖြစ်ပွားမှုနှုန်း ၂၀၀၀ ခုနှစ်တွင် သုည ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် သုည ဒသမ ၆၇ ရာခိုင်နှုန်းနှင့် ၂၀၀၉ ခုနှစ်တွင် သုည ဒသမ ၆၁ ရာခိုင်နှုန်းသို့လျော့ကျ

ရောဂါကာကွယ်ရေး ပညာပေးလုပ်ငန်းများကို ကုသရေးလုပ်ငန်းများနည်းတူ တိုးမြှင့်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂

ကျန်းမာရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဗဟိုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ UNHCR အဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday၊ UNAIDS အဖွဲ့ ဌာနေညှိနှိုင်းရေးမှူး Dr. Sun Gang နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲနှင့် ပန်းချီ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကြေးမုံ The Mirror

၃-၁၂-၂၀၁၀ (သောကြာနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မလိခမြစ်ကူး ကောင်းမှုလုံကြိုးတံတားသစ်

နိုင်ငံအဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေး၊ လူမှုရေး အကျိုးပြုစီမံကိန်းများ အကောင်အထည်ဖော်နေပြီ။ ရေမြေသဘာဝအဆီးအတားများကြောင့် လမ်းပန်းဆက်သွယ်ရေး အားနည်းနေသော ဒေသများတွင် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ကားလမ်း၊ ရထားလမ်းသစ်များ ဖောက်လုပ်ပေးထားပြီ။ မြစ်ကူး၊ ချောင်းကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးလျက်ရှိသည်။

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်း မလိခမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ကောင်းမှုလုံကြိုးတံတားကို နိုဝင်ဘာ ၂၈ ရက်က ဖွင့်လှစ်လိုက်သည်။ ပူတာအို-ထဝါဒမ်း-ကောင်းမှုလုံ-နောင်မွန် ကားလမ်းပေါ်တွင် တည်ရှိပြီး ပေ ၇၀၀ ရှည်သည့် ဂျစ်ကားကူး သံကူကွန်ကရစ်ဘေလီကြိုးတံတားဖြစ်သည်။ လူစီးနှင့် ကုန်စည်ပို့ဆောင်မည့် ယာဉ်ငယ်များ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ကြပြီ။

ကောင်းမှုလုံကြိုးတံတားကြီး မတည်ဆောက်မီက ပူတာအိုမှ မချမ်းဘော၊ နောင်မွန်၊ ပန်နန်းဒင်၊ ခေါင်လန်ဖူးတို့သို့ သွားလိုလျှင် မလိခမြစ်ကို ထဝါဒမ်းရွာအနီးမှ သစ်သားစက်တပ်သမ္ဗန်ဖြင့် ကူးဖြတ်ကြရသည်။ ခရီးသည်နှင့် ကုန်စည်များတင်ဆောင်၍ မလိခမြစ်ကို ဖြတ်ကူးရာတွင် အန္တရာယ်ကြုံခဲ့ကြရသည်။

ယခုအခါ ကြိုးတံတားသစ် တည်ဆောက်ဖွင့်လှစ်နိုင်သဖြင့် ဒေသထွက်ကုန်များ တင်ပို့ရောင်းချရာ၌ လွယ်ကူ မြန်ဆန်လာပြီ။ ကုန်သွယ်စီးပွားလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာနိုင်ပြီ။ ပြည်တွင်း ပြည်ပ ခရီးသွားများ သွားလာမှု များပြားလာလျက်ရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်မြင့်မားမှု အကျိုးပြုနိုင်နေပြီ။

ကောင်းမှုလုံကြိုးတံတားသည် နိုင်ငံတော်က ကချင်ပြည်နယ်အတွင်း တည်ဆောက်ပေးထားသည့် ပေ ၁၈၀နှင့်အထက် တံတားများအနက် အစင်း ၂၀ မြောက် တံတားဖြစ်သည်။ နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ်ခဲ့သည့် အစင်း ၂၅၀ မြောက် တံတားဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရေး ဖြည့်ဆည်းပေးရာတွင် နယ်မြေဒေသတစ်ခုချင်းမှသည် ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ ပါဝင်သည်။ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ အကောင်အထည်ဖော်နေဆဲဖြစ်သည်။ လမ်းသစ်၊ တံတားသစ်များ တိုးတက်တည်ဆောက်ပေးနိုင်မှုနှင့်အတူ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ရပခဇုန် ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂

(၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ (က)အုပ်စု ရပခဇုန် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်တွင် တောင်ကြီးမြို့ ကမ္ဘောဇကလပ် အားကစားကွင်း၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ စစ်သည်နှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပထမနေ့ပြိုင်ပွဲများ စတင်ယှဉ်ပြိုင်ကစားကြရာ တိုင်းမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

တိုင်းမှူးသည် နိုဝင်ဘာ ၂၇ ရက်တွင် တောင်ကြီးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုရရှိသော ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး ရရှိသူနှင့် (၁၇)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဗဟိုအဆင့် ပထမဆုရရှိသူတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နဝမတန်း ကျောင်းသား၊ ကျောင်းသူလေးများက အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အခမ်းအနား တက်ရောက်လာကြသည့် ကျောင်းသားမိဘများနှင့် ဆုရ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ညောင်ဖြူစခန်းရပ်ကွက် ရှမ်းရိုးမ ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး ရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းပြသမှုများအပေါ် တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေါပုံမြို့နယ် အထက(၁) ခန်းမ၌ ကျင်းပသော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင် ဖတ်ကြားစဉ်။

(ကြေးမုံ)

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း ပုံညာခန်းမ၌ ကျင်းပရာ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သည့် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ခိုင်က ဖတ်ကြားသည်။

ထို့နောက် ဂန့်ဂေါခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စိန်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးဥမ္မာဝင်းတို့က အမျိုးသားနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆု၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုများကို ချီးမြှင့်ကြပြီး ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရိုးရောဂါကုဆရာဝန်များ တတိယအကြိမ် နှစ်ပတ်လည်ညီလာခံ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့က ကြီးမှူး၍ အရိုးရောဂါအထူးကုဆရာဝန်များ၏ တတိယအကြိမ် နှစ်ပတ်လည်ညီလာခံကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အရိုးရောဂါကုဆရာဝန်ကြီးများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ခရမ်းကြီးကျေးရွာအုပ်စု ခရမ်းကြီးကျေးရွာ ပညာဥယျာဉ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၄ရက်က အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇော်ဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးက စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် စာကြည့်တိုက်များဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် လှူဒါန်းပွဲအား ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင် ၁၅၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ သတင်းစာခြောက်လစာ ၁၈၀ စောင်နှင့် ဒို့ကျေးရွာစာစောင် ခြောက်လစာ ၁၂ စောင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ထွေးက စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ စာကြည့်တိုက်အဆောက်အအုံ အမျိုးအစားမှာ အုတ်ညှပ်သွပ်မိုး အမျိုးအစားဖြစ်ပြီး ငွေကျပ် ၂၇ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ထူးချွန်ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် "CYBERKIDS TECHNO TRIP: INFOHUNT" ACTIVITY ပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြုကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ထူးချွန်စွာ ပထမဆုရရှိအောင် စွမ်းဆောင်ခဲ့ကြသော ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သီတာလှနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၃)အခြေခံပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ထူးချွန်ဆုရရှိခဲ့ကြသော တာဝန်ခံဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ASEAN CYMBERKIDS CAMP 2010 သို့ တက်ရောက်ခဲ့သည့် ဆရာမဒေါ်သီတာလှနှင့် ပထမဆုရကျောင်းသား၊ ကျောင်းသူများက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်လှုပ်ရှားမှုနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဆွေးနွေးခြင်း၊ အခိုင်အမာစာကြည့်တိုက်ဖြစ်မြောက်ရေးတို့ကို ကရင်ခြံရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ကျင်းပရာ ဦးစီးမှူး ဒေါ်ခင်မမက ရှင်းလင်းပြောကြားပြီး ကရင်ခြံရပ်ကွက် ဥက္ကဋ္ဌ ဦးသန်းကျော်စိန် ပြန်လည်ဆွေးနွေးစဉ်။

(မြို့နယ်ပြန်/ဆက်)

☆ ကာကွယ်ရေးမှ

ညွှန့်သည်တော်များ တက်ရောက်ကြသည်။ ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံတကာအဆင့်မီ အိမ်တွင်းအလှဆင်နှင့် အီလက်ထရွန်နစ် အထူးဈေးရောင်းပွဲတော်(၂၀၁၀)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြပွဲခန်းမအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြပွဲတွင် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား ဆိုင်ခန်းပေါင်း ၁၄၀ ခန့်ဖြင့် ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ နိုင်ငံတကာအဆင့်မီ အိမ်တွင်းအလှဆင်နှင့် အီလက်ထရွန်နစ် အထူးဈေးရောင်းပွဲတော် (၂၀၁၀)ပြပွဲ ခန်းမအတွင်း ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာရင်းကောင်စီ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ

ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း)သင်တန်းစာမေးပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၀ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းစာမေးပွဲကို နေပြည်တော်စာစစ်ဌာန [စာရင်းစစ်ချုပ်ရုံး ရုံးအမှတ်-(၁၂) နေပြည်တော်]နှင့် ရန်ကုန်စာစစ်ဌာန [စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့] နှစ်ခုခွဲ၍ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းကို အဆိုပါနေရာများတွင် ကြေညာထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာကို သက်ဆိုင်ရာ စာစစ်ဌာနများ၌ဝယ်ယူ၍ ဒီဇင်ဘာ ၂ ရက်မှ ၂၂ ရက်ထိ ရုံးဖွင့်ရက်များ၌ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း စာမေးပွဲကြေး ငွေကျပ် ၂၀၀၀ ပေးသွင်းကာ ယင်းငွေရပြေစာမူရင်း၊ လိုင်စင်ဓာတ်ပုံ သုံးပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း၊ မိတ္တူ)ပြသ၍ ဖြေဆိုသူ ကိုယ်တိုင် ဖြေဆိုခွင့် လျှောက်လွှာတင်သွင်းပြီး မိမိတို့သင်တန်းတက်ရောက်ရာ သင်တန်းကျောင်း (စာစစ်ဌာန)တွင်သာ လျှောက်လွှာတင်သွင်းကြရမည် ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ဖွင့်လှစ်ဆဲသင်တန်းကို တက်ရောက်ပြီး ဖြေဆိုမည့်သူများအတွက် သင်တန်းကာလ ကိုးလအတွင်း ဘာသာရပ်အသီးသီးတွင် သင်တန်းတက်ရောက်ချိန် ၆၀ ရာခိုင်နှုန်း ပြည့်မီသူများ၊ ယခင်စာမေးပွဲများတွင် ကျရှုံးခဲ့သူများ (ယခင်ဖြေဆိုခဲ့သည့် အထောက်အထားတင်ပြရမည်။) ဟူသော အချက်အလက်ဖြင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပြီးဖြေဆိုခွင့် ကတ်ပြားများကို သက်ဆိုင်ရာစာစစ်ဌာနအသီးသီးတွင် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၁၄ ရက်အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးမည်။စာမေးပွဲစတင်ဖြေဆိုသည့်နေ့တွင် လုံးဝ ထုတ်ပေးမည်မဟုတ်၍ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံစဉ်းစားပေးမည်မဟုတ်ကြောင်း စာရင်းကိုင် အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီက သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး သာကြီးတောင်ရေနံမြေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် ဒီဇင်ဘာ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကျောက်ခွက်- လက်ပံတို-သာကြီးတောင်-အရာတော် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းပြုပြင်ထိန်းသိမ်းခြင်း အစားထိုးလဲလှယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သာကြီးတောင်ရေနံမြေ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် ကမ္မကျေးရွာအနီး ရေနံပိုက်လိုင်း ပြင်ဆင်မြေမြှုပ်ပြီးစီးမှု အခြေအနေ၊ ကျထိုးကျေးရွာအနီး ရှစ်လက်မ ရေနံပိုက်လိုင်းပြင်ဆင်နေမှုနှင့် ရုံးပင်ရိုးကျေးရွာအနီး ၁၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အစားထိုးပြုပြင်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ပေါက်မြို့နယ်အတွင်းရှိ သာကြီးတောင်ရေနံမြေသို့ သွားရောက်၍ ပေနက်တွင်းတူးစက် ZK 52 L ဖြင့် အစမ်းတွင်းအမှတ်(၂) တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေနံမြေ ယာယီ ရှင်းလင်းဆောင်၌ ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများ၏ တွင်းတူးဖော်နေမှု အခြေအနေများနှင့် တူးဖော်တွေ့ရှိသော သဲကြောလွှာများ၏ အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားကာ တွင်းတူးစက်ကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး ပေါက်မြို့နယ်အတွင်းရှိ သာကြီးတောင်ရေနံမြေတွင် တွင်းတူးစက်ဖြင့် တွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် (၃၅)နှစ်မြောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံထူထောင်သည့်နေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPH AKHET ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ပညာသင်ကြားပို့ချပေးခဲ့ကြသော အသက်(၇၀)နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၄၈ ဦးတို့အား ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ဒီဇင်ဘာ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်များဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်ဆန်းဦး ဖုန်း-၀၁-၅၃၆၀၇၂၊ ပါမောက္ခ ဌာနမှူး (ငြိမ်း) ဒေါက်တာခင်ဆွေမြင့် ဖုန်း-၀၉-၅၀၆၇၂၀၀၊ ပါမောက္ခ ဒေါက်တာအောင်မြင့်ဦး ဖုန်း-၀၉-၅၀၀၈၈၇၁၊ တွဲဖက်ပါမောက္ခ ဦးမျိုးသန့် ဖုန်း-၀၉-၅၀၁၀၇၅၄၊ ဒေါ်သက် သက်ဆွေ ဖုန်း-၅၇၇၁၂၆၊ ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း) ဖုန်း-၀၉-၅၁၇၁၈၉၄၊ ဒုတိယဗိုလ်မှူးကြီးရဲမြင့်လှိုင် ဖုန်း-၀၉-၅၁၉၂၄၁၇၊ ဦးတင်အောင် ဖုန်း -၀၉-၅၅၀၄၇၀၃၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁၅၇၆၄၉၊ ဦးသိန်းထွန်း ဖုန်း -၂၉၁၁၅၁၊ တော်ဝင်နှင်းဆီ ဦးစိုးညွန့် ဖုန်း-၅၄၂၇၂၀၊ ဦးအောင်စိုးဦး ဖုန်း-၀၉-၈၀၂၄ ၁၄၁၊ ဦးသိန်းလွင် ဖုန်း-၂၉၁၃၀၅ နှင့် ဦးမောင်မောင်ကြည် ဖုန်း-၂၂၂၄၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ (၂၈)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ၁၉ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီထိ ရွှေတိဂုံစေတီတောင်ဘက်မုခ် ဒဂုံမြို့နယ်ရှိ သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ အသက် (၇၅)နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၏ အမည်စာရင်းနှင့် ၂၀၀၉-၂၀၁၀ခုနှစ် ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ မိမိတို့၏ ကျောင်းထောက်ခံချက် အမှတ်စာရင်းများကို အသင်းတိုက် အမှတ်(၂၀၃) (၃၇)လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဦးညွန့်မြင့် ဖုန်း-၃၈၃၅၂၄၊ ဦးစောလွင် ဖုန်း-၅၃၆၈၂၇နှင့် ဦးစန်းအောင် ဖုန်း-၅၇၇၇၂၉၊ ဦးမျိုးဟန် ဖုန်း-၅၇၀၄၇၉၊ ဦးမြင့်စိန် (ကျောင်းကုန်းဌာနေ) ဖုန်း-၀၄၆-၄၀၁၀၀ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၁၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူအကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ "အသက်ကလေးရယ်တဲ့ ရှည်စေလို"
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၁၅ ၈။ "မသန်စွမ်းသူများအရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး"
- ၅:၂၅ ၉။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တေးများ
- ၅:၃၅ ၁၀။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရင်ခုန်သံ" (အပိုင်း-၁၅)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၇)**
- ၂၀။ သီချင်းချစ်သူ(ရိုန်မိုး)
- ၂၁။ အစီအစဉ်ပြီး၏။

နျူကလီးယားသိပ္ပံပညာရှင်လုပ်ကြံခံရမှု အနောက်အုပ်စု သတိပေးချက်ဟု အီရန်ဆို

တီဟီရန် ဒီဇင်ဘာ ၂

အီရန်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်သော ဆွေးနွေးပွဲအသစ် မစတင်မီ အီရန်ထိပ်တန်း နျူကလီးယား သိပ္ပံပညာရှင်တစ်ဦး လုပ်ကြံခံရခြင်းသည် အနောက်အုပ်စု၏ သတိပေးချက်တစ်ရပ်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲ အလီအက္ကဘာ ဆာလေဟီက ဒီဇင်ဘာ ၁ရက်အတွင်း ပြောကြားသည်။

နျူကလီးယားအရေး ဆွေးနွေးပွဲကို လုပ်ဆောင်ရန် စီစဉ်ဆဲကာလတွင် အနောက်အုပ်စုသည် အီရန်၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်သော ၎င်းတို့၏ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်မူဝါဒကို ပြသလိုကြောင်း အက္ကဘာ ဆာလေဟီက ပြောကြားသည်။

အမည်မသိ ဗုံးခွဲသမားများ၏ လုပ်ကြံမှုကြောင့် နိုဝင်ဘာ ၂၉ရက်က သေဆုံးခဲ့သော အီရန်နျူကလီးယား သိပ္ပံပညာရှင် မာဂျစ်ရှားရီယာရီ၏စျာပနတွင် အီရန်အဏုမြူစွမ်းအင် အေဂျင်စီအကြီးအကဲက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မာဂျစ်ရီယာရီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ အခြားအီရန်အာဏာပိုင်များက အစ္စရေးနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့ကို လက်ညှိုးထိုးအပြစ်ဖို့ခဲ့သည်။ သို့ရာတွင် အီရန်အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲကမူ မာဂျစ်ရီယာရီ လုပ်ကြံခံရမှုတွင်မည်သည့်နိုင်ငံ ပါဝင်ပတ်သက်ကြောင်းအသေးစိတ် ပြောကြားခြင်းမရှိပေ။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ လာမည့်သီတင်းပတ်တွင် ကျင်းပသည့် နျူကလီးယားပြဿနာဆိုင်ရာ ဆွေးနွေးပွဲကို အီရန်ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်တက်ရောက်မည့် အီရန်စေ့စပ်ညှိနှိုင်းရေးမှူး ဆာအစ်ဒ်ဂျလီလီကမူ အနောက်အုပ်စုနိုင်ငံများ၏ အစိုးရအဖွဲ့များကို ပြင်းထန်စွာ ဝေဖန်ခဲ့သည်။

အနောက်အုပ်စုနိုင်ငံများသည် အီရန်နျူကလီးယားအရေးနှင့် ပတ်သက်၍ နိုင်ငံရေးအရ ဖိအားပေးခြင်း၊ ပိတ်ဆို့အရေးယူမှုများပြုလုပ်ခြင်းစသည်ဖြင့် အစွမ်းကုန်ကြိုးပမ်းခဲ့သော်လည်း မည်သည့်အကျိုးရလဒ်မျှ မရရှိခဲ့ကြောင်း ဆာအစ်ဒ်ဂျလီလီက ပြောကြားသည်။

အေအက်ဖ်ပီ။

ဓာတုလက်နက်ကာကွယ်ရေးစနစ်သစ် အစ္စရေးစစ်ဘက် ထုတ်ဖော်ပြသ

ဂျေရုဆလင် ဒီဇင်ဘာ ၂ - ဓာတုလက်နက်များဖြင့်တိုက်ခိုက်လာမှုကို ကာကွယ်ရန်အတွက် နည်းပညာအသစ်တစ်ရပ်ကို အစ္စရေးစစ်ဘက်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်က ဒီဇင်ဘာ ၁ ရက်က ထုတ်ဖော်ပြသခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ဓာတုလက်နက်ကာကွယ်ရေးစနစ်သစ်သည် ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခံရမှုကြောင့် အပြစ်မဲ့သူများကို ရွှေ့ပြောင်းရမည့် ဒေသအဝန်းအဝိုင်းကို ခန့်မှန်းနိုင်ရန်အတွက် အပူချိန်နှင့် လေတိုက်ခတ်မှု ဦးတည်ရာလမ်းကြောင်းတို့ကို အလျင်အမြန် တိုင်းတာပေးနိုင်မည်ဖြစ်သည်။

အဆိုပါ ဓာတုလက်နက်ကာကွယ်ရေးစနစ်သစ်ကို တည်ဆောက်ခဲ့သည့် အဖွဲ့မှာ အစ္စရေးစစ်ဘက်၏ အဆင့်မြင့်နည်းပညာလုပ်ငန်းအဖွဲ့ (high-tech lotem) ဖြစ်သည်။ ယင်းအဖွဲ့သည် ၎င်းတို့တည်ဆောက်ထုတ်လုပ်ထားသော အဆင့်မြင့်နည်းပညာရပ်များကို အများပြည်သူရှေ့မှောက်တွင် ပြသခဲ့သည်။

၂၀၀၆ ခုနှစ် အစ္စရေး-ဟစ်ဇ်ဘိုလာစစ်ပွဲတွင်လည်းကောင်း၊ ဟားမားစ်အဖွဲ့နှင့် ဖြစ်ပွားသောတိုက်ပွဲများတွင်လည်းကောင်း အစ္စရေးနိုင်ငံကို ဟစ်ဇ်ဘိုလာနှင့် ဟားမားစ်အဖွဲ့တို့က ဒုံးကျည်စင်းရေ ထောင်ပေါင်းများစွာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဟစ်ဇ်ဘိုလာနှင့် ဟားမားစ်အဖွဲ့တို့က ပစ်ခတ်ခဲ့သော ဒုံးကျည်များသည် ဓာတုလက်နက်များ မဟုတ်သော်လည်း အစ္စရေးနိုင်ငံကမူ ယင်းအဖွဲ့များ လက်ဝယ်၌ ဓာတုလက်နက်များရှိနေကြောင်း ယုံကြည်ထားသည်။

အစ္စရေးစစ်ဘက်၏ အဆင့်မြင့်နည်းပညာလုပ်ငန်းအဖွဲ့က တည်ဆောက်ခဲ့သော ဓာတုလက်နက်ကာကွယ်ရေး စနစ်သစ်တွင် ဒုံးကျည်ပစ်ခတ်မှုဖြစ်ပွားချိန်အတွင်း လက်ကိုင်ဖုန်းများမှတစ်ဆင့် အများပြည်သူသို့ အသိပေးနိုင်မည့် စနစ်တစ်ရပ်လည်း ပါဝင်သည်ဟု ဆိုသည်။

အေပီ။

စစ်မြေပြင်ဟောင်းကို သဘာဝကြိုးဝိုင်းနယ်မြေအဖြစ် သတ်မှတ်ရန် သီရိလင်္ကာအစိုးရ လုပ်ဆောင်

ကိုလံဘို ဒီဇင်ဘာ ၂

ယခင် တမီလ်ကျားသူပုန်ဟောင်းများ အခြေစိုက်ရာ တောတွင်းဒေသတစ်ခုကို သားရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးကြိုးဝိုင်းဒေသအဖြစ် သီရိလင်္ကာအစိုးရက ပြောင်းလဲလုပ်ဆောင်လျက်ရှိကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများတွင် ဖော်ပြသည်။

သီရိလင်္ကာနိုင်ငံတောင်ပိုင်း ယခင်က စစ်မြေပြင်ဖြစ်ခဲ့ဖူးသော ဟက်တာ ၄၀၀၀၀ အကျယ်အဝန်းရှိ မူလိုင်တီဗူဒေသကို သားရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးနယ်မြေအဖြစ် ပြောင်းလဲမည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရက ပြောကြားသည်။

မူလိုင်တီဗူဒေသသည် သီရိလင်္ကာနိုင်ငံ ပြည်တွင်းစစ်၏ နောက်ဆုံးစစ်မြေပြင်တစ်ခုဖြစ်ပြီး တမီလ်ကျားသူပုန်များ၏ မဟာဗျူဟာအရ အချက်အချာကျသော ဒေသတစ်ခုလည်းဖြစ်သည်ဟု ဆိုသည်။

တမီလ်ကျားသူပုန်များသည် မူလိုင်တီဗူဒေသ၌ ဆယ်စုနှစ်များစွာအခြေပြုခဲ့ကြပြီး ယင်းဒေသ၌ မြေမြှုပ်မိုင်းထောင်ပေါင်းများစွာ မြှုပ်နှံထားခဲ့သည်။

လာမည့်နှစ်အနည်းငယ်အတွင်း မြေမြှုပ်မိုင်းများကို ရှင်းလင်းဖယ်ရှားပြီးပါက မူလိုင်တီဗူဒေသ၌ သဘာဝသားရိုင်းတိရစ္ဆာန်ဥယျာဉ်တစ်ခုကို ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံအစိုးရက ပြောကြားသည်။

အင်တာနက်။

သိပ္ပံသုတေသနလုပ်ငန်းများအတွက် တရုတ်နိုင်ငံ ဒေါ်လာ ၈၇ ဘီလီယံသုံးစွဲခဲ့

ပေကျင်း ဒီဇင်ဘာ ၂

တရုတ်နိုင်ငံသည် သိပ္ပံသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၂၀၀၉ ခုနှစ်တွင် ယွမ်ငွေ ဘီလီယံ ၅၈၀ ကျော် (ဒေါ်လာ ၈၇ ဘီလီယံခန့်) သုံးစွဲခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် အမေရိကန်၊ ဂျပန်နှင့် ဂျာမနီနိုင်ငံပြီးလျှင် ကမ္ဘာပေါ်၌ သုတေသနရန်ပုံငွေ အများဆုံး အသုံးပြုသည့် နိုင်ငံဖြစ်ကြောင်း အမျိုးသားစာရင်းအင်း ဗျူရို၏ အစီရင်ခံစာတွင် ဖော်ပြသည်။

အမျိုးသားစာရင်းအင်း ဗျူရိုသည် သိပ္ပံရေးရာ သုတေသနလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကြေးသုံးစွဲမှုအခြေအနေကို သိရှိနိုင်ရန် နိုင်ငံတစ်ဝန်း၌ စစ်တမ်းကောက်ယူခဲ့သည်။

တရုတ်နိုင်ငံတစ်ဝန်းတွင် ၂၀၀၉ ခုနှစ်က သိပ္ပံသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်သူ သုံးသန်းကျော်ရှိခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘာပေါ်တွင် အများဆုံး ဦးရေပင်ဖြစ်ကြောင်း စာရင်းအင်းဗျူရိုအောက်ရှိ သိပ္ပံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ချားဇီမင်းက ပြောကြားသည်။

တရုတ်နိုင်ငံ၏ သုတေသနလုပ်ငန်းအတွက် ရန်ပုံငွေသုံးစွဲမှုမှာ ၂၀၀၀ ပြည့်နှစ် အလားတူ အသုံးစရိတ်ထက် လေးဆခွဲ ပိုမိုများပြားကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်။

နိုင်ငံကူးလက်မှတ်အတုပြုလုပ်ဖွယ်ရှိသူ ပါကစ္စတန်နှစ်ဦးနှင့် ထိုင်းတစ်ဦးကိုဖမ်းဆီး

ဗန်ကောက် ဒီဇင်ဘာ ၂ - အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသော အုပ်စုများအတွက် နိုင်ငံကူးလက်မှတ်အတုများပြုလုပ်ပေးခဲ့သည်ဟု မသင်္ကာရသည့် ပါကစ္စတန်လူမျိုးနှစ်ဦးနှင့် ထိုင်းအမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးထားကြောင်း ထိုင်းရဲတပ်ဖွဲ့က ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ယခုဖမ်းဆီးခံရသူများသည် အကြမ်းဖက်မှုအများအပြားနှင့် ဆက်စပ်နေသော ရာဇဝတ်ဂိုဏ်းများအတွက် နိုင်ငံကူးလက်မှတ်အတုများပြုလုပ်ပေးခဲ့သည်ဟု ယူဆရကြောင်း ထိုင်းရဲတပ်ဖွဲ့၏ သတင်းကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါလူသုံးဦးကို ထိုင်းနိုင်ငံတွင် နိုဝင်ဘာ ၃၀ ရက်က ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့သည် လာအိုနိုင်ငံအတွင်းသို့ ထွက်ပြေးရန် ကြိုးပမ်းနေချိန်အတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သတင်းကြေညာချက်တွင်ဖော်ပြသည်။

လုပ်ကိုင်ပေးခဲ့

လက်ရှိကာအီးတိုင်ဘာ အကြမ်းဖက်အဖွဲ့နှင့်လည်းကောင်း၊ စပိန်နှင့်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု အများအပြားနှင့်လည်းကောင်း ပတ်သက်နေသည့် နိုင်ငံတကာ ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းအတွက် ၎င်းတို့သုံးဦး လုပ်ကိုင်ပေးခဲ့သည်ဟု ထိုင်းရဲတပ်ဖွဲ့က ယူဆသည်။

စပိန်နိုင်ငံတွင်လည်း အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရန် စပိန်ရဲတပ်ဖွဲ့က ထိုင်းရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

စပိန်နိုင်ငံ ဘာစီလိုနာမြို့နှင့် ဝန်းကျင်တို့၌ စီးနင်းကာ ပါကစ္စတန်လူမျိုးခြောက်ဦးနှင့် နိုင်ဂျီးရီးယားတစ်ဦးတို့ကို ဖမ်းဆီးခဲ့သည်။

အင်တာနက်။

နိုင်ငံကူးလက်မှတ်များ အတုလုပ်ကြောင်း မသင်္ကာမှုဖြင့် ဖမ်းဆီးခံထားရသော ပါကစ္စတန်နိုင်ငံသားနှစ်ဦးကို ဗန်ကောက်မြို့ အထူးစုံစမ်းစစ်ဆေးရေးဌာနတွင် ဒီဇင်ဘာ ၂ ရက်က တွေ့ရစဉ်။

ဗြိတိန်နှင့်အမေရိကန် ဗုံးပဒေသာများ ရွှေ့ပြောင်းရေး လျှို့ဝှက်သဘောတူညီခဲ့ဟုဆို

လန်ဒန် ဒီဇင်ဘာ ၂

ဗြိတိန်နိုင်ငံသည် ဗုံးပဒေသာလက်နက်များ အသုံးပြုမှုတားမြစ်ရေးဆိုင်ရာ နိုင်ငံတကာစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော်လည်း ၎င်း၏ပိုင်နက်မြေပေါ်၌ ဗုံးပဒေသာလက်နက်များ သိုလှောင်ထားရှိရေးသဘောတူညီချက်တစ်ရပ်ကို အမေရိကန်ပြည်ထောင်စုသို့ ကမ်းလှမ်းခဲ့ဖူးကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။

ဗြိတိန်နှင့်အမေရိကန်နိုင်ငံအကြား ဗုံးပဒေသာလက်နက်များဆိုင်ရာ အတွင်းရေးကိစ္စကို ဝီကီလိခ်စ်အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းက ထုတ်ဖော်ခဲ့သော အမေရိကန်နိုင်ငံ၏ သံတမန်ရေးရာလျှို့ဝှက်မှတ်တမ်းများတွင် ဖော်ပြထားသည်။

ဗုံးပဒေသာလက်နက်များဆိုင်ရာ သဘောတူညီချက်နှင့် ပတ်သက်သည့် အချေအတင် ငြင်းခုံမှုများကို ရှောင်ရှားနိုင်ရန်အတွက် ဗြိတိန်နှင့်အမေရိကန်နိုင်ငံတို့သည် ဗုံးပဒေသာလက်နက်များ သိုလှောင်ရေးဆိုင်ရာ သဘောတူညီချက်ကို လျှို့ဝှက်လုပ်ဆောင်ခဲ့ကြောင်း ၂၀၀၉ ခုနှစ် မေလနေ့စွဲတပ် သံတမန်မှတ်တမ်းများတွင် ဖော်ပြထားသည်ဟု ဆိုသည်။

အရပ်သားများကို သေကျေပျက်စီးစေသည့် ဗုံးပဒေသာများတားမြစ်ရေး သဘောတူညီချက်စာချုပ်တွင် အမေရိကန်ပြည်ထောင်စုက ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိပေ။

အမေရိကန်ပြည်ထောင်စု၏ ဗုံးပဒေသာလက်နက်များအားလုံးကို ၂၀၁၃ ခုနှစ် နောက်ဆုံးထား၍ ဗြိတိန်၏အချုပ်အခြာပိုင်နယ်မြေများသို့ ရွှေ့ပြောင်းထားရှိရန် ဗြိတိန်ဝန်ကြီးများက အမေရိကန်နိုင်ငံကို တိုက်တွန်းခဲ့ကြောင်း ဝီကီလိခ်စ်က ထုတ်ဖော်ခဲ့သော လျှို့ဝှက်သံတမန်မှတ်တမ်းများတွင်ပါရှိသည်။

အေအက်ဖ်ပီ။

လက်ဘနွန်နိုင်ငံတောင်ပိုင်း ကျေးရွာတစ်ရွာ၌ ပေါက်ကွဲခြင်းမရှိသေးသည့် ဗုံးပဒေသာတစ်ခုကို ဖောက်ခွဲဖျက်ဆီးခဲ့စဉ်။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် အာယုသုခအထူးကုဆေးခန်း ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်၌ ကျင်းပသည့် အာယုသုခ အထူးကုဆေးခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထူးကုဆေးခန်းမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က အထူးကုဆေးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အထူးကုဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲ ဒုတိယနေ့ (မိတ္ထီလာ-မန္တလေး)ပွဲစဉ် ယှဉ်ပြိုင်မှုကို ပန်းဝင်မည့် ရန်ကုန်-မန္တလေးလမ်း စွယ်တော်မြတ်စေတီတော်အဝင်မုခ်ဦးရှေ့တွင် ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အမျိုးသားစက်ဘီးပြိုင်ပွဲ ပန်းဝင်စည်းမှနေ၍ ယှဉ်ပြိုင်ပန်းဝင်လာသည့် အားကစားသမားများအား ပရိသတ်များနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်ပွဲ

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူတစ်ဦးက အမျိုးသမီးစက်ဘီးပြိုင်ပွဲတွင် တတိယ၊ ဒုတိယနှင့် ပထမဆုရရှိကြသူများအား ဆုတံဆိပ်များ၊ ငွေသားဆုများနှင့် ချီးမြှင့်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက အမျိုးသားစက်ဘီးပြိုင်ပွဲတွင် တတိယ၊ ဒုတိယနှင့် ပထမဆုရရှိကြသူများအား ဆုတံဆိပ်၊ ငွေသားဆုများနှင့် ချီးမြှင့်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက အမျိုးသားစက်ဘီးပြိုင်ပွဲတွင် တတိယ၊ ဒုတိယနှင့် ပထမဆုရရှိကြသူများအား ငွေသားဆုများနှင့် စက်ဘီးပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

တိုင်းမှူးသည် နိုဝင်ဘာ ၂၉ ရက်တွင် စက်ဘီးပြိုင်ပွဲ တတိယနေ့ (မန္တလေး-မိတ္ထီလာ) ပွဲစဉ်ကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးကျော်မြင့် မသန်စွမ်းသူများ စွမ်းရည်ပြပွဲ ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂

ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ)က ကြီးမှူး၍ ရန်ကုန်မှ နေပြည်တော်သို့ ရှစ်ညအိပ် ကိုးရက်ခရီး Three Wheel Chair ငါးစီးနှင့် စက်ဘီး တစ်စီးတို့ဖြင့် မသန်စွမ်းသူများ စွမ်းရည်ပြ ခရီးစဉ် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ ခန်းမ၌ ကျင်းပရာ ရောက်ရှိလာကြသော မသန်စွမ်း အားကစားသမားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။

ယင်းနောက် စည်ပင်ဧည့်ရိပ်သာ၌ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကား ပြောကြားကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ကိုယ်စား နေပြည်တော်ခရိုင်ဥက္ကဋ္ဌ ဦးအောင်ခင်က ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကို ပေးအပ်ချီးမြှင့်ရာ ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) က ကြီးမှူး၍ ရန်ကုန်မှ နေပြည်တော်သို့ ရှစ်ညအိပ် ကိုးရက်ခရီး မသန်စွမ်းသူများ စွမ်းရည်ပြခရီးစဉ်ကို ဂုဏ်ပြုကြိုဆိုကြစဉ်။

(သတင်းစဉ်)

တောင်ငူမြို့ အထက(၆) ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

တောင်ငူ ဒီဇင်ဘာ ၂

တောင်ငူမြို့ အထက(၆) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက် (၆၀)ပြည့်ပြီး အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲကို အဆိုပါကျောင်းခန်းမ၌ ဒီဇင်ဘာ ၂၄ ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲ အလှူငွေများကို ဦးမြင့်အောင် ဖုန်း-၀၉-၅၃၅၀၂၉၇၊ ၀၅၄-၂၃၃၂၉၊ ဦးလွင်အေး ဖုန်း-၀၉-၅၃၅၂၆၃၁၊ ဦးစိန်ဝင်း ဖုန်း-၀၉-၆၃၀၀၅၁၀၊ ဦးကျော်အေး ဖုန်း-၀၉-၄၉၄၃၀၁၄၁၊ ဗိုလ်ကြီးအောင်မိုး(ငြိမ်း) ဖုန်း-၀၉-၅၃၅၁၅၈၉၊ ဒေါ်ခင်သူ ဖုန်း-၀၉-၅၃၅၁ ၇၇၄၊ ဒေါ်နီလာမိုး ဖုန်း-၀၅၄-၂၅၂၀၁၊ ဒေါ်ခင်အုန်းမြင့် ဖုန်း-၀၉-၆၃၀၁၂၃၃နှင့် ဦးသိန်းနိုင် ဖုန်း-၀၅၄-၂၃၁၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

Home Decoration & Furniture Electronic 2010 ပြပွဲ၌ Acer ရွှေလမင်းနဂါးကုမ္ပဏီလီမိတက် ပါဝင်ပြသ

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်အထိ ကျင်းပသော Home Decoration & Furniture Electronic 2010 ပြပွဲတွင် Acer ၏ မြန်မာပြည်ကိုယ်စားလှယ် ရွှေလမင်းနဂါးကုမ္ပဏီလီမိတက်မှ Acer ၏ နောက်ဆုံးပေါ် နည်းပညာများဖြင့် ဖွဲ့စည်းထားသည့် 3D Notebook, Touch Screen Notebook, 3D LED LCD Monitor များ၊ Core i7 Series Notebook များ၊ 3D Projectors များကို အထူးဈေးနှုန်းများဖြင့် ပါဝင်ပြသရောင်းချပေးလျက်ရှိသည်။

ဝယ်ယူအားပေးသော Customer များအတွက် Acer ၏ လက်ဆောင်ပစ္စည်းများကိုလည်း ထပ်မံပေးသွားမည်ဖြစ်သည်။ ထို့အပြင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် Acer ၏ Apacer 4 GB Memory Stick များကို ငွေကျပ် ၅၀၀၀ ဖြင့် နေ့စဉ် ရောင်းချပေးသွားမည်ဖြစ်ကာ အရေအတွက် ကန့်သတ်၍ ရောင်းချမည်ဖြစ်သည်။

Acer Show Room & Service Centre ကို အမှတ်(၅၇၀) ကမ်းနားလမ်းနှင့် လမ်းသစ်လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး Service Centre I ကို အမှတ်(၃၇၆) မဟာဗန္ဓုလလမ်းမ ကျောက်တံတားမြို့နယ်နှင့် Service Centre (Mandalay) ကို အမှတ်(A3) (၇၈)လမ်း (၃၂ × ၃၃) ကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တွင် ဖွင့်လှစ်ထားရှိသည်။ ထို့ပြင် မြန်မာပြည်အနှံ့ Acer Road Show ကိုလည်း ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

အလက(၁) တာမွေ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

အလက(၁) တာမွေ၌ ၁၉၅၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများအား ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် နှိုးဆော်ထားသည်။

ပူဇော်ကန်တော့ပွဲအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဒေါ်စိုးစိုးတင့် (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၅၅၄၁၇၅၊ ဒေါ်အေးမြင့်ကြည် ဖုန်း-၄၃၀၃၈၂၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၉-၄၉၂၅၄၇၃၄၊ ဗိုလ်မှူးထွေးစံဖြူ(ငြိမ်း) ဖုန်း-၀၉-၅၁၆၂၀၃၈၊ ဒေါ်တင်မမနိုင် ဖုန်း-၅၅၄၃၆၅၊ ကိုသိန်းနိုင် ဖုန်း-၇၃၀၅၅၇၀၅၊ ကိုအောင်မျိုးကျော် ဖုန်း-၇၃၀၈၃၂၉၀၊ နိုင်လင်းအောင် ဖုန်း-၀၉-၅၁၈၁၉၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် ၁၅ ကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ ပြသမည့် Regin of Fire, The First Wives Club, City Slickers, Cool World, Leap of Faith, 101Dalmatians, My Life In Ruins, The Accidental Husband, Weather Girl စသည့် ဇာတ်ကားကောင်းများ၊ ကလေးများအတွက် Cartoon Natwork ရုပ်သံလိုင်း၊ Star World ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Miss Earth 2010 အလှမယ်ရွေးချယ်ပွဲ၊ TLC ရုပ်သံလိုင်းတွင် အဆင့်မြင့် ကင်မရာရိုက်ချက်များအား ပြသပေးမည့် Photoxplorers အစီအစဉ်သစ်အပြင် Invite MR. Wright, Sync or Swim, Jamie's Family Christmas စသည့် အစီအစဉ်များ၊ Animal Planet ရုပ်သံလိုင်းတွင် တိရစ္ဆာန်များ၏ တစ်နှစ်တာနေထိုင်မှုများအား ပြသမည့် A Year In The Wild အစီအစဉ်နှင့် နဂါးသတ္တဝါများအကြောင်းအား ကင်မရာအထူးပြုလုပ်ချက်များဖြင့် ကြည့်ရမည့် Dragons အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် ပေပေါင်း ထောင်သောင်းမက မြင့်မားသည့် ကောင်းကင်မှ ပြုတ်ကျမှုများနှင့် မတော်တဆဖြစ်ရပ်များမှ လွတ်မြောက်လာသူများအကြောင်း ကြည့်ရမည့် Survive This Emergency Landing၊ စစ်ပွဲများအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် Indochine:A People's In Colour အစီအစဉ်၊ အစီအစဉ်အားလုံးအား မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်း၊ Nat Geo Wild ရုပ်သံလိုင်းတွင် ကြည့်ရမည့် လူသားစားငမန်းများနှင့် တစ်ညတာနေထိုင်ပြမည့် Shark Night အစီအစဉ်၊ နားလည်ရခက်သည့် ဝံပုလွေများ၏ ဘဝကို ရိုက်ကူးတင်ဆက်ထားသည့် Expedition Wild အစီအစဉ်၊ ESPNနှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ကြည့်ရမည့် AFF Suzuki Cup 2010 ပြိုင်ပွဲမှ စင်ကာပူ-မြန်မာ၊ ဖိလစ်ပိုင်-မြန်မာ၊ EPL ပွဲစဉ်များဖြစ်သည့် ဘော်လ်တန် - ဘလက်ဘန်း၊ ဝက်စ်ဘရွန်း-နယူးကာဆယ်၊ အာဆင်နယ်-ဖူလ်ဟမ်၊ ဆန်းဒါးလန်း-ဝက်စ်ဟမ်း၊ ဘလက်ပူး-မန်ယူ၊ ချဲလ်ဆီး-အဲဗာတန်၊ မန်ယူ-အာဆင်နယ်၊ လီဗာပူးလ်-ဗီလာ၊ ဝက်စ်ဟမ်း-မန်စီးတီး၊ တော့တင်ဟမ်-ချဲလ်ဆီး၊ နယူးကာဆယ်-လီဗာပူးလ်၊ အက်စ်တွန်ဗီလာ-ဝက်စ်ဘရွန်း၊ ဝုဗ်-ဘာမင်ဂမ် စသည့် ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Multi Max၊ 5 Movie၊ 5 Series၊ 5 Series II၊ 5 Cartoon ရုပ်သံလိုင်းများတွင် ပြသမည့် အစီအစဉ်များအကြောင်း၊ MRTV-4 ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည့် အစီအစဉ်သစ်ဖြစ်သည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်ရိုက်ကူးခဲ့သည့် အစီအစဉ်ကောင်းများနှင့် ဒီဇင်ဘာ ၁၂ ရက်တွင် သုဝဏ္ဏမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပမည့် FMF Live Show အား ဒီဇင်ဘာ ၁၃ ရက်တွင် MRTV-4 ၌ ထုတ်လွှင့်ပြသမည့် အစီအစဉ်၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info, For Sports, For Edu, For Choice စသည့် Digital Channel များ၏ Grid များနှင့် ပြသနေသည့် အစီအစဉ်များအကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ ရက်စာအစီအစဉ်များ ပါဝင်သည်။

၁၅ရက်စာ အစီအစဉ်များပါဝင်သော TVGuide စာစောင်ကို TVGuide Distribution Net Work ဖုန်း-၀၁-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express(09-5080850,391186) သို့ မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

Home Decoration & Furniture Electronic 2010 ပြပွဲ၌ Acer ရွှေလမင်းနဂါး ကုမ္ပဏီလီမိတက်မှ ပါဝင်ပြသစဉ်။ (သတင်းစဉ်)

မသန်စွမ်းသူများအပေါ် ထားရှိအပ်သည့် အမြင်သစ်

ကြည်ထွန်း (လူမှုဝန်ထမ်း)

- ✳ ဒီဇင်ဘာလ ၃ ရက်နေ့ မသန်စွမ်းသူများနေ့ ဒို့မမေ့။
- ✳ မသန်သော်လည်းစွမ်းကြသည်၊ ရလဒ်များက သက်သေတည်။
- ✳ စာပေ ဂီတ အားကစား၊ လက်မှုပညာအစားစား။
- ✳ ပွားတိုးဖွံ့ဖြိုးဝေဝေစည်၊ ဆုတံဆိပ်ဂုဏ်ထူးစီရရီ။
- ✳ ပင်ကိုစွမ်းရည်တိုးမြင့်အောင်၊ လူမှုရေးအဖွဲ့ အစည်းတို့ရှက်ဆောင်။
- ✳ လူ့ဘောင်အတွင်း လူရာသွင်းလို့. . . . .
- ✳ စာနာထောက်ထားကြင်နာလို့. . . . .
- ✳ မေတ္တာ စေတနာ ရင်မှာပျို့၊ ဝိုင်းဝန်းကူညီဖေးမစို့။

ဒေါ်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ
နှစ်လည်မဂ္ဂဇင်း(၂၀၀၈)

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Persons with Disabilities) ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းသူများဟု သတ်မှတ်ခေါ်ဝေါ်ခံရသူများသည် ကမ္ဘာဦးကာလကတည်းက လူ့အဖွဲ့အစည်းအတွင်း ရှိလာခဲ့သည်။ ယနေ့လည်း ရှိနေသကဲ့သို့ အနာဂတ်တွင်လည်း လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှိနေဦးမည်မှာ မလွဲပေ။ ထို့ကြောင့်ပင် မသန်စွမ်းသူများကို အကြီးမားဆုံး လူနည်းစုအဖွဲ့ (The greatest minority group) အဖြစ်ကမ္ဘာက လက်ခံထားသည်။ ကမ္ဘာတစ်ဝန်းရှိ မသန်စွမ်းသူတို့၏ ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်မြင့်မားလာစေရေး၊ သန်စွမ်းသူများနည်းတူ တန်းတူရည်တူ အခွင့်အရေးများရှိရေးအတွက် နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဟု ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးခဲ့သည်။

မသန်စွမ်းမှုအဓိပ္ပာယ်

မသန်စွမ်းမှုဆိုသည်မှာ အမြဲပြောင်းလဲနေသော သဘောတရားတစ်ခုဖြစ်သည်။ မသန်စွမ်းမှုအဓိပ္ပာယ်မှာ လူသားတစ်ဦး၏ ချို့ယွင်းအားနည်းမှုသည် လူ့အသိုင်းအဝိုင်း၏ မသန်စွမ်းသူများအပေါ်ထားရှိသော လွဲမှားသည့်သဘောထားကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင် အတားအဆီးများကြောင့် လည်းကောင်း အခြားသူများနည်းတူ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝပါဝင်ခွင့် မရရှိခြင်းပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ဆောင်ပုဒ်များ

နှစ်စဉ်ကျင်းပသော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဦးတည်ချက်ဆောင်ပုဒ် (Theme) ကို နှစ်စဉ် သတ်မှတ်ချမှတ်ပေးပါသည်။ ၂၁ ရာစုအစ ပထမဆယ်စုနှစ်ကာလတစ်လျှောက် ချမှတ်ဆောင်ရွက်ခဲ့သော ဆောင်ပုဒ်များမှာ-

- ၂၀၀၁ ခုနှစ် - မသန်စွမ်းသူ ဝိုင်းဝန်းကူ၊ ညီတူခွင့်ရေးဖြည့်ဆည်းပေး
  (Full participation and equality: The call for new approaches to assess)
- ၂၀၀၂ ခုနှစ် - မှီခိုကင်းတဲ့လူမှုဘဝ၊ ခိုင်မြဲတည်ဆောက်ကြ
  (Independent living and Sustainable Livelihoods)
- ၂၀၀၃ ခုနှစ် - မသန်စွမ်းသူတို့ ရင်တွင်းစကား၊ စာနာဆပွားအလေးထား
  (A voice of our own)
- ၂၀၀၄ ခုနှစ် - ကိုယ်တိုင်ကိုယ်ကျပါဝင်မှ သန်စွမ်းလှပဒို့ရဲ့ဘဝ
  (Nothing about Us without Us)
- ၂၀၀၅ ခုနှစ် - လူမှုဘဝဖွံ့ဖြိုးဖို့ မသန်စွမ်းသူများ ဝိုင်းဝန်းစို့
  (Rights of persons with Disabilities: Action in Development)
- ၂၀၀၆ ခုနှစ် - ခေတ်မီနည်းပညာများသုံးစွဲနိုင်ရေး မသန်စွမ်းသူများကို အခွင့်အလမ်းပေး
  (E-Accessibility)
- ၂၀၀၇ ခုနှစ် - ရှာဖွေဖော်ထုတ်မသန်စွမ်းသူများနှင့် သင့်လျော်သောအလုပ်
  (Decent work for persons with disabilities)
- ၂၀၀၈ ခုနှစ် - ဂုဏ်သိက္ခာနှင့်တရားမျှတမှု၊ လူတိုင်းအတွက်ဒို့ရှေးရှု
  (Convention on the Rights of Persons with Disabilities: Dignity and justice for all of us)
- ၂၀၀၉ ခုနှစ် - ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်ဝရေး၊ မသန်စွမ်းသူများကိုလည်း ပိုမိုဆောင်ရွက်ခွင့်ပေး
  (Making The MDGs Inclusive: Empowerment of persons with disabilities and their communities around the world)
- ၂၀၁၀ ခုနှစ် (ယခုနှစ်) - ထောင်စုနှစ်ရည်မှန်းချက်များမှာ မသန်စွမ်းသူများအရေး ထည့်သွင်းဖို့ရာ ပြုထားကတိတည်ကြပါ
  (Keeping the promise: Mainstreaming disability in the Millennium Development Goals towards 2015 and beyond)
  တို့ဖြစ်သည်။

မသန်စွမ်းသူတို့၏အတိတ်

မသန်စွမ်းသူတို့ကို ဘဝတူလူသားများက ပေါင်းသင်းဆက်ဆံလက်ခံကြမှုအပေါ် မူတည်၍ မသန်စွမ်းသူတို့၏ ဘဝသည်လည်း ခေတ်အလိုက် ပြောင်းလဲလာခဲ့သည်။ လူ့သမိုင်းနှင့် ပတ်သက်သော စာပေမှတ်တမ်းများတွင် မသန်စွမ်းသူများအကြောင်း သီးသန့်မှတ်တမ်းတင်ရေးသားထားခြင်း နည်းပါးလှသည်။ သို့ရာတွင် ဘာသာရေးဆိုင်ရာ ကျမ်းဂန်များနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ မှတ်တမ်းစာပေများအရ အတိတ်ခေတ်က မသန်စွမ်းသူများ၏ ဘဝအခြေအနေကို သိရှိနိုင်ပါသည်။ လူမျိုးအချို့တွင် သူတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံအရ မသန်စွမ်းသူများအပေါ် သိသိသာသာ ခွဲခြားမဆက်ဆံကြသော်လည်း အချို့လူမျိုးများတွင်မူ လူ့အဖွဲ့အစည်းအတွင်းမှ ပထုတ်ကာ ဆိုးဆိုးရွားရွား ခွဲခြားဆက်ဆံကြသည်။

စက်မှုလက်မှု မထွန်းကားမီကာလအထိ ခေတ်သမိုင်းအဆက်ဆက် မသန်စွမ်းသူအများစုသည် မိသားစုနှင့်အတူ ရှင်သန်နေထိုင်ခွင့်နှင့် လူမှုအသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းအတွင်း ရောယှက်ကာ အသက်ရှင်နေထိုင်ခဲ့ကြသည်။ တစ်နည်းအားဖြင့် လူ့အဖွဲ့အစည်းအတွင်းမှ အစိတ်အပိုင်းတစ်ခုအဖြစ် ခေတ်ကာလတစ်လျှောက် ရှင်သန်ခဲ့ကြသည်။ စက်မှုလက်မှု တိုးတက်လာသည်နှင့်အမျှ လူသားများ၏ အဓိကလုပ်ငန်းများနှင့် လုပ်ငန်းခွင်နေရာများမှာ စက်ရုံအလုပ်ရုံများ ဖြစ်လာခဲ့သည်။ လူသားတစ်ဦးတွင် ရှိသင့်သော စွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချရန်နှင့် ကျွမ်းကျင်မှုအမျိုးမျိုး လိုအပ်လာသည်။ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုမရှိသော မသန်စွမ်းသူများအဖို့ စားဝတ်နေရေးအတွက် ဝင်ငွေရှာဖွေနိုင်မှု လျော့နည်းကင်းမဲ့လာကာ “မှီခိုသူများ” ဘဝသို့ အလိုလိုရောက်ရှိသွားကြသည်။ ထိုမျှမက မိသားစုနှင့် လူ့အဖွဲ့အစည်းအတွက် “ဝန်ထုပ် ဝန်ပိုး” ဖြစ်သည့်အနေအထားသို့ ရောက်မှန်းမသိ ရောက်ရှိသွားတော့သည်။

စက်မှုလက်မှုထွန်းကားတိုးတက်သော နိုင်ငံအချို့က မသန်စွမ်းသူများကို အကူအညီပေးရန် လိုအပ်သည်ဟူသော အကြောင်းပြချက်ဖြင့် “ပရဟိတလုပ်ငန်း” ဟူ၍ အမည်တပ်ကာ လုပ်ဆောင်ခဲ့ကြသည်။ လူအများ၏ အမြင်တွင် မသန်စွမ်းသူများကို ကံမကောင်းသူများ၊ အသုံးမကျသူများ၊ လူစဉ်မမီသူများ၊ မိသားစုနှင့် လူ့အဖွဲ့အစည်းအသိုင်းအဝိုင်း၏ ဝန်ထုပ်ဝန်ပိုးများဟူ၍ ထင်မြင်ယူဆ သဘောထားခဲ့ကြသည်။

ထိုသို့သော အမြင်သဘောထားကြောင့် မသန်စွမ်းသူတို့သည် လူအများစု၏ လူမှုဆက်ဆံရေးနယ်ပယ် အသိုင်းအဝိုင်းနှင့် အခြေအနေအမျိုးမျိုးတို့တွင် ရောယှက်ပါဝင်မှုများစွာမရှိဘဲ သီးသန့်ကိုယ်ထီးတည်းနေသော အုပ်စုအဖြစ် စက်မှုလက်မှုထွန်းကားသော ခေတ်သမိုင်းတစ်လျှောက် ဖြတ်သန်းရုန်းကန်ခဲ့ရသည်။

၂၀ ရာစုနှောင်းပိုင်း ၁၉၇၀ ပြည့်နှစ်လွန်ကာလများတွင်မူ လူသားစင်စစ် ဖြစ်ပါလျက်နှင့် လူသားဆန်ဆန် အသက်ရှင်ခွင့်မရဘဲ ဖြစ်နေမှုများအပေါ် ကိုယ်တိုင်ခံစားမှုကို အခြေခံပြီး “မသန်စွမ်းမှု” အရေးကိစ္စများကို မသန်စွမ်းသူတို့ကိုယ်တိုင်က “ရှုထောင့်သစ်” မှ ရှုမြင်တင်ပြခဲ့ကြသည်။

ထိုသို့ မသန်စွမ်းသူများ၏ လှုပ်ရှားစွမ်းဆောင်မှုများ စတင်ပေါ်ပေါက်လာခြင်းကြောင့် ယနေ့ကမ္ဘာပေါ်တွင်



မသန်စွမ်းသူများအပေါ် နားလည်မှုအမြင်နှင့် သဘောထားခံယူချက်တို့မှာ ကမ္ဘာနှင့်အဝန်း တဖြည်းဖြည်း ပြောင်းလဲလာသည်။ မသန်စွမ်းမှုနှင့် ပတ်သက်၍ လူမှုရေးကိုအခြေခံသည့် “အမြင်သစ်” ပေါ်ပေါက်လာပြီး ကမ္ဘာတစ်ဝန်းလုံးရှိ မသန်စွမ်းသူများ၏ လူနေမှုအဆင့်အတန်းမှာ ယခင်ခေတ်ကာလတစ်လျှောက် တစ်ကြိမ်မျှ မရရှိဖူးသေးသောအဆင့်သို့ မကြုံစဖူး တိုးတက်မြင့်မားလာခဲ့သည်။

သိပ္ပံနှင့်နည်းပညာ တိုးတက်ထွန်းကားသည့် ယနေ့အိုင်တီခေတ်တွင် လူသားတစ်ဦး၏ စွမ်းဆောင်ရည်၊ အခြေအနေနှင့် လိုအပ်ချက်များအပေါ်မူတည်ပြီး လိုအပ်သလို လွယ်လင့်တကူ အသုံးချနိုင်ကာ ရုပ်ဝတ္ထုပစ္စည်းများကို လူသားများက တီထွင်လာကြသည်။ ပြည့်စုံကျန်းမာသန်စွမ်းသူများ မလုပ်ဆောင်နိုင်၊ မတီထွင်နိုင်သော အရာများကိုပင် မသန်စွမ်းသူများကိုယ်တိုင်က တီထွင်ဖန်တီးနိုင်ကြသည်။ ခေတ်ရေစီးကြောင်းနှင့်အတူ မျက်မှောက်ခေတ်၌ မသန်စွမ်းမှု၊ မသန်စွမ်းဖြစ်ခြင်း၊ မသန်စွမ်းသူများ၏ဘဝနှင့် အနေထားများသည် တိုးတက်ပြောင်းလဲလာခဲ့သည်။ သို့ရာတွင် မသန်စွမ်းသူများအပေါ်ထားရှိသည့် လွဲမှားသောသဘောထားကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင် အတားအဆီးများကြောင့် လည်းကောင်း၊ မသန်စွမ်းမှုမဖြစ်သူများနည်းတူ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝပါဝင် ဆောင်ရွက်ခွင့် မရရှိသေးပေ။

မသန်စွမ်းသူများအတွက် နိုင်ငံတကာနှင့် ကမ္ဘာ့ကုလသမဂ္ဂဆောင်ရွက်ချက်များ

၂၀ ရာစုနှောင်းပိုင်းကာလမှစ၍ မသန်စွမ်းသူများ၏ အခွင့်အရေးကိစ္စကို ကုလမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အထူးအာရုံစိုက်ဆောင်ရွက်ပေးခဲ့ကြသည်။ ထင်ရှားသော သာဓကများကား-

- (၁) ၁၉၇၁ ခုနှစ်တွင် ဉာဏ်ရည်မမီသူများ၏ အခွင့်အရေးဆိုင်ရာ ကြေညာချက် ထုတ်ပြန်ခြင်း၊
- (၂) ၁၉၇၅ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက် ထုတ်ပြန်ခြင်း၊
- (၃) ၁၉၇၉ ခုနှစ်တွင် ၁၉၈၁ ခုနှစ်ကို “အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနှစ်”ဟု သတ်မှတ်ခြင်း၊
- (၄) ၁၉၈၂ ခုနှစ်တွင် မသန်စွမ်းသူများနှင့် ပတ်သက်သည့် “ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းစဉ်”ကို ချမှတ်ခြင်း၊
- (၅) (၁၉၈၃ - ၁၉၉၂) ခုနှစ်ကို “ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံများ၏ မသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်”ဟု သတ်မှတ်ခြင်း၊
- (၆) ၁၉၈၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ “မသန်စွမ်းသူများအား ပြန်လည်ထူထောင်ရေးနှင့် အလုပ်ရရှိရေးသဘောတူစာချုပ်” အတည်ပြုခြင်း၊
- (၇) ၁၉၉၂ ခုနှစ်တွင် “နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့”ကို “အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့”ဟု သတ်မှတ်ခြင်း၊
- (၈) ၁၉၉၃ ခုနှစ်တွင် “မသန်စွမ်းသူများအတွက် အခွင့်အရေးညီမျှစေခြင်းဆိုင်ရာ စံပြုအပ်သော စည်းမျဉ်းများ” ချမှတ်ခြင်း၊
- (၉) ၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး၏ ဆလာမန်ကာ ကြေညာချက်နှင့်လုပ်ငန်းစဉ် (မသန်စွမ်းသူများနှင့် ပတ်သက်သည့် အထူးပညာရေးဆိုင်ရာလုပ်ငန်းစဉ်)ကို ချမှတ်ခြင်း၊
- (၁၀) ၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ “မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်” ကို သတ်မှတ်ပြဋ္ဌာန်းခြင်းတို့ ဖြစ်သည်။

မသန်စွမ်းသူများအပေါ် ထားရှိအပ်သည့် အမြင်သစ်

ယနေ့ ကမ္ဘာ့လူဦးရေသန်းပေါင်း ၆၉၀၀ ကျော် အနက် ၁၀ ရာခိုင်နှုန်းခန့်သည် မသန်စွမ်းသူများ ဖြစ်ကြသည်။ သုတေသီတို့၏ တွေ့ရှိတင်ပြချက်များအရ မသန်စွမ်းမှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်သက်ဆိုင်သည်။ မသန်စွမ်းမှုနှင့် ဆင်းရဲမွဲတေမှု ဆက်စပ်နေသကဲ့သို့ မသန်စွမ်းမှုသည် လူမှုရေးနယ်ပယ်အတွင်းရှိ တရားမျှတမှုနှင့်လည်း သက်ဆိုင်နေသည်။ ယခင်တုန်းကကဲ့သို့ မသန်စွမ်းမှု (သို့) မသန်စွမ်းဖြစ်ခြင်းနှင့် ပတ်သက်သော အရေးကိစ္စသည် လူမှုရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းများနှင့်သာ သက်ဆိုင်သည့် ကိစ္စမဟုတ်တော့ပေ။ လူ့အသိုင်းအဝိုင်း လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သော “လူမှုရေးဖွံ့ဖြိုးမှု ကိစ္စတစ်ရပ်” ဖြစ်လာချေပြီ။ တစ်နည်းအားဖြင့် မသန်စွမ်းမှုသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကျန်းမာရေးနှင့်ဆိုင်သော ပြဿနာမဟုတ်တော့ဘဲ တိုင်းသူပြည်သားအားလုံးနှင့် သက်ဆိုင်သော အရေးကိစ္စဖြစ်လာသည်။

သန်စွမ်းပြည့်စုံခြင်းမရှိသော လူသားတစ်ဦးကို မစွမ်းဆောင်နိုင်သူတစ်ဦးဖြစ်စေသည့် အဓိကတရားခံဖြစ်သော အတားအဆီး၊ ပြဿနာများကို ဝိုင်းဝန်းကြိုးပမ်းဖယ်ရှားပေးရပါမည်။ မသန်စွမ်းသူများအနေဖြင့် လှုပ်ရှားသွားလာမှုရရှိခံစားခွင့်နှင့် လူ့အသိုင်းအဝိုင်းအတွင်း တန်းတူရည်တူ ပါဝင်ခွင့်ရရှိဖို့လိုသည်။ သို့မှသာ ၂၁ ရာစုတွင် ပိုမိုလုံခြုံစိတ်ချ၍ လူများပိုမိုကျန်းမာရွှင်လန်းပြီး ပိုမိုကြွယ်ဝချမ်းသာသော ကမ္ဘာကြီးပေါ်ထွန်းလာရေးကို ရှေးရှုသည့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်ဆီသို့ လှမ်းချီရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ပေမည်။ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကိုလည်း မသန်စွမ်းမှုမဖြစ်သူများနည်းတူ ရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။

အချုပ်အားဖြင့် No man is perfect ဆိုသည့်အတိုင်း လူသားတိုင်းတွင် ချို့ယွင်းအားနည်းမှု တစ်မျိုးမဟုတ်တစ်မျိုး ရှိကြစမြဲဖြစ်သည်။ လူသားတိုင်းသည် မည်သည့်နေရာ မည်သည့်အသက်အရွယ်တွင်မဆို အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းမှု (သို့) မသန်စွမ်းဖြစ်ခြင်းနှင့် ကြုံတွေ့နိုင်ပါသည်။ သို့ဖြစ်၍ မသန်စွမ်းသူတို့အကျိုးကို တစ်စိုက်တစ်ရာဆောင်ကြဉ်းမပေးနိုင်သေးသည့်တိုင် ၎င်းတို့အပေါ်ထားရှိသည့် မမှန်ကန်၊ မသင့်လျော်သော အယူအဆအတွေးအခေါ်ဟောင်းများကို ဖယ်ရှားကာ ရှုထောင့်သစ်၊ အမြင်သစ်ဖြင့် စာနာဆပွားအလေးထားကြဖို့ အရေးကြီးလှပါကြောင်း။

ဩော်----

- ✳ မကြားမဖွံ့၊ စကားဆွံ့လည်း
- ✳ စက္ခုနှစ်ဖြာ၊ မလင်းပါလည်း
- ✳ အင်္ဂါကိုယ်လက်၊ မစုံလျက်လည်း
- ✳ သက်ရှိထင်ထင်၊ လူသားပင်မို့

လူတွင်ရသင့်၊ လူ့အခွင့်တို့
သင့်တင့်မျှစွာ၊ များသူငါက
ညီညာမျှရေး၊ မေတ္တာထွေးလျက်
မဖေးဗိုလ်လူ၊ ပံ့ပိုးကူပေး
ဘဝရှေးက၊ လူမသန်လည်း
ဧကန်အစွမ်း၊ ဇမ္ဗူလျှမ်းအောင်
သူပြဆောင်မည်၊ အမောင်ယုံမှားကင်းပါလေ။ ။

(၂၀၀၃ ခုနှစ် လူမှုဝန်ထမ်းဦးစီးဌာန ရွှေရတုအထိမ်းအမှတ်ရင်ခွင်မဂ္ဂဇင်းမှ)

(3-12)06.pmd 1 12/3/2010, 2:48 AM

❀ **ကျောဖုံးမှ**

အားကစားသမားများအဖြစ်သို့ အဆင့်မီစွာ တက်လှမ်းနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်က ချမှတ်ထားသည့် အားကစားနှင့် ကာယပညာမူဝါဒများနှင့်အညီ အားကစားလုပ်ငန်းများကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရာတွင် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်ကလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အားကစား၏ သဘောသဘာဝအရ အောက်ခြေပိုင်း ကျယ်ပြန့်ခိုင်မာပါမှ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် များစွာအထောက်အကူ ရရှိနိုင်မည်ဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနသည် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ရေးဆွဲထားပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုလုပ်ငန်းများကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ လူငယ်မောင်မယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အရည်အချင်းပြည့်ဝသော လူတော်လူကောင်းများ ဖြစ်လာစေရန်၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဟူသော ဦးတည်ချက်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုများကို ပွင့်လင်းရာသီဖြစ်သော ဒီဇင်ဘာလ၏ ရုံးပိတ်ရက် (စနေနေ့)များဖြစ်သည့် ဒီဇင်ဘာ ၄ ရက်၊ ၁၁ ရက်၊ ၁၈ ရက်နှင့် ၂၅ ရက်တို့တွင် နံနက် ၆ နာရီမှ ၈ နာရီအထိ လှုပ်ရှားဆောင်ရွက်သွားမည်ဖြစ်သည်။ နံနက် ၆ နာရီ မှ ၈ နာရီအထိ အချိန်သတ်မှတ်ထားသော်လည်း ဒေသနှင့်လိုက်လျောညီထွေမှုရှိသည့်အချိန်ကို သတ်မှတ်ပြောင်းလဲကျင်းပသွားစေမည်ဖြစ်ကြောင်း သိရသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန လူထုအားကစားနှင့် ပညာပေးဌာနခွဲသည် ဒီဇင်ဘာလ အပတ်စဉ်စနေနေ့တိုင်း လူထုအားကစားလှုပ်ရှားမှု အဆင်ပြေချောမွေ့စွာ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လာစေရေးအတွက် တစ်ရက်ကြိုတင်၍ သောကြာနေ့တိုင်းတွင် စုဝေးရမည့်နေရာနှင့်အချိန်၊ ပါဝင်လှုပ်ရှားရမည့် အားကစားနည်းများကို လှုံ့ဆော်အသိပေးကြေညာသွားမည်ဖြစ်သည်။ ထို့အပြင် လိုအပ်သည့် အားကစားနည်းအလိုက် အထောက်အကူပစ္စည်းများ၊ နည်းပြဆရာများ၊ နည်းစနစ်မှူးများ၊ အားကစားကွင်း၊ အားကစားရုံများကိုလည်း ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ၏ အစီအစဉ်ဖြင့် စုစည်းပြင်ဆင်ထားရှိသွားမည်ဖြစ်သည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုကို နေပြည်တော်၌ ဆင်နွှဲခဲ့ရာ မြို့မဈေးရှေ့၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းပြုလုပ်ကြစဉ်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု လူထုလမ်းလျှောက်ပွဲကို နေပြည်တော်၌ ဆင်နွှဲခဲ့ရာ မြို့မဈေးနှင့် သပြေကုန်းအဝိုင်းအကြား ကန်ပတ်လမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်နေမှုကို တွေ့ရစဉ်။

လူထုအားကစား လှုပ်ရှားမှုများကို ပြည်သူလူထုအတွင်း ပိုမိုစိမ့်ဝင်သိရှိစေရန်နှင့် ပြည်သူတစ်ရပ်လုံး ပိုမိုတက်ကြွစွာ ပါဝင်လာစေရေးအတွက် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များ၌ ပုံမှန်လှုံ့ဆော်သွားမည့်အပြင် သောကြာနေ့ညပိုင်းနှင့် စုပေါင်းပါဝင်လှုပ်ရှားမည့် စနေနေ့နံနက်စောစောပိုင်းတို့တွင် 'လူထုအားကစား'၊ 'လမ်းလျှောက်ကြ'၊ 'ပြည်သူ့အားကစားဆင်နွှဲစို့' စသည့် တေးသီချင်းများကို ထုတ်လွှင့်လှုံ့ဆော်သွားမည် ဖြစ်သည်။ ထို့အပြင် ဆောင်းပါးပြိုင်ပွဲ၊ ဝတ္ထုတိုပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။'

၂၀၁၀ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်သွားမည်ဖြစ်ရာ နေပြည်တော်တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများစုစည်း၍ ဒီဇင်ဘာလ အပတ်စဉ် စနေနေ့တိုင်း လူထုလမ်းလျှောက်ပွဲကို မြို့မဈေးစုရပ်မှ နံနက် ၆ နာရီတွင် စတင်တာထွက်ပြီး သပြေကုန်းအဝိုင်းမှ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး ကွက်လပ်သို့ ပန်းဝင်ကာ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၁)နှင့် အတွဲ(၂)များပြုလုပ်ခြင်း၊ အားကစားကွင်း၊ အားကစားရုံ၊ ပန်းခြံနှင့် မြေကွက်လပ်များတွင် ရိုးရာအားကစားနည်းများ ယှဉ်ပြိုင်ကစားခြင်း၊ မြို့မဈေးရှေ့တွင် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ရန်ကုန်မြို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများစုစည်း၍ ဒီဇင်ဘာလ အပတ်စဉ် စနေနေ့တိုင်း ကန်တော်ကြီးပတ် လူထုလမ်းလျှောက်ပွဲများ၊ အားကစားကွင်းများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၁)နှင့် အတွဲ(၂)များပြုလုပ်ခြင်း၊ အားကစားကွင်း၊ အားကစားရုံ၊ ပန်းခြံနှင့် မြေကွက်လပ်များတွင် အေရိုးဗစ်လေ့ကျင့်ခန်းများ စုပေါင်းကစားခြင်း၊ ပြေးခုန်ပစ်၊ ဝူရှူး၊ လွန်ဆွဲနှင့် ရိုးရာအားကစားနည်းများအလိုက် ယှဉ်ပြိုင်ကစားခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ကျိုက္ကဆံကွင်းအတွင်း ပြုလုပ်ခြင်းနှင့် လမ်းလျှောက်ပွဲများကို စုရပ်သုံးခုဖြစ်သော အောင်ဆန်းအားကစားပြိုင်ကွင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ (ကျိုက္ကဆံ)ကွင်းတို့၌ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

လူထုအားကစား လှုပ်ရှားမှုများကို စုပေါင်းပါဝင်လှုပ်ရှားခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုစေသည့်အပြင် ကျန်းမာခြင်းသုခခံစားရခြင်း၊ နာမကျန်းဖြစ်၍ ဆေးဝါးကုသရခြင်းမှ ကင်းဝေး၍ ငွေကြေးကုန်ကျမှုမရှိခြင်း၊ မိသားစုအားလုံး ကျန်းမာပျော်ရွှင်ခြင်း၊ လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေခြင်း၊ လုပ်ငန်းခွင်၌ လုပ်အားစွမ်းပကားမြင့်မား၍ ကုန်ထုတ်လုပ်မှုတိုးတက်စေခြင်းနှင့် နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ခံစားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ဦးတည်ချက်များချမှတ်၍ နေ့မအား၊ ညမနား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုရှိရေးမှာ အထူးအရေးပါလှပေသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်ရေးအတွက် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများအားလုံး တက်ကြွစွာပူးပေါင်းပါဝင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လှုပ်ရှားဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁၂-၂၀၁၀ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ကုသိုလ်ဖြစ်ခြင်းအကြောင်းအရင်း" တရားတော် [ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)]
- ၆း၃၅ စွယ်တော်လေးဆူဆုပန်ယူ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၉၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၆၀)**
- ၈း၄၀ Activities In The City [အလက(၁)ရန်ကင်း၏ အာစရိယပူဇော်ပွဲ]
- ၈း၅၀ ဆေးဖက်ဝင်. . . ဝင်ငွေတိုး. . . "ဝ"ဥပင်ကိုပျိုး
- ၉း၁၀ ဧဒင်၏ရေကုထုံး
- ၉း၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၉း၃၀ Movie Talk [ဒါရိုက်တာကြည်စိုးထွန်း၊ မအေးကြည်(အေဝမ်း)] (အပိုင်း-၆)
- ၉း၅၅ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာခင်မျိုးလှ)
- ၁၀း၁၅ ရန်ကုန်မြင်ကွင်းကျယ် (၂၀၁၀ ဆောင်းရာသီရဲ့အမှတ်တရ တွေ့ဆုံပွဲ)
- ၁၀း၂၅ ဖက်ရှင်လမ်းညွှန် (7 Picture Wedding Fair 2010)
- ၁၀း၄၀ သူတို့ဘဝသူတို့ဟာသ (ဦးသောင်းဟန်)
- ၁၁း၀၀ ဂီတသရုပ်ပြခန်း (သျှီ-ဂန္ထဝင်စကား)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ Make In A Delicous Way (French မှစွဲမက်ဖွယ်ရာ အစားအစာများ)
- ၁၂း၃၀ ဆန်းပြားခေတ်မီပဒုမ္မကြာကို ရိုက်ကူးပုံဖော်ခြင်း
- ၁း၀၀ "ကုသိုလ်ဖြစ်ခြင်းအကြောင်းအရင်း" တရားတော် [ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)]
- ၁း၄၅ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၀ Activities In The City [အထက(၂)စမ်းချောင်း၏ စကားဖြူ စာကြည့်တိုက်နှင့် Internet Access Centre ဖွင့်ပွဲ]
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၉၃)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၀)**
- ၄း၅၀ ဂီတနက်သန်ကိုစောငြိမ်းသို့ ဂုဏ်ပြုခြင်းအမှတ်တရတေးသီချင်းများ (အပိုင်း-၃)
- ၅း၀၅ VJ Choice
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဗန်ကောက်နေ့၊ ဗန်ကောက်ည
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၄)**
- ၇း၁၅ The Champion of Dance
- ၇း၄၅ ပြင်ဦးလွင်သို့အလည်တစ်ခေါက်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Wedding Season (Part-7)
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၁)**
- ၁၀း၁၀ သူတို့ပြောတဲ့သူတို့အကြောင်း (ချစ်စနိုးဦးနှင့်တွေ့ဆုံခြင်း)
- ၁၀း၃၅ အန္တရာယ်ကင်း ကွမ်းရွက်လိမ်းဆေး
- ၁၀း၅၅ World of Knowledge (Ancient Megastructures; Dubai's Palm Island)
- ၁၁း၄၅ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင်
- ၁၂း၀၅ Celebrity Profile (မြို့ရွှေမန်းသားဖိုးချစ်နှင့် တွေ့ဆုံခြင်း)
- ၁၂း၃၀ နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
- ၁၂း၄၀ Box Office Movies (Fast & Furious 4)
- ၁း၀၀ လှပသစ်ဆန်းအလှပြင်ခန်း (LABELLE Beauty Spa)
- ၁း၂၅ Say It In English
- ၁း၃၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
- ၂း၀၀ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
- ၂း၂၅ လှပချစ်စရာ လက်မှုအနုပညာ (Pretty In Day & Night)
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၅ အရောက်လာခဲ့မည် ရွှေမြန်မာပြည်
- ၄း၂၀ စားချင်စဖွယ် ဒေသထုတ် ဇလွန်ချင်းသုပ်
- ၄း၂၅ Man And The Elephant (အပိုင်း-၂)
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

၂၀၁၀ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း။

ပြိုင်ပွဲစည်းကမ်းချက်များမှာ ဆောင်းပါးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ ထိ ကွန်ပျူတာစာစီစာရိုက်ဖြင့် ရေးသားနိုင်ပြီး လူထုလမ်းလျှောက်ပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများကိုမှီး၍ ခေါင်းစဉ်ကို မိမိကြိုက်နှစ်သက်ရာ ဖော်ပြနိုင်ကြောင်း။

ဝတ္ထုတိုပြိုင်ပွဲတွင် ဖူးစကက်ငါးမျက်နှာမှ ရှစ်မျက်နှာထိ ကွန်ပျူတာစာစီစာရိုက်ဖြင့် လူထုလမ်းလျှောက်ပွဲကို မှီး၍ ရေးသားနိုင်ပြီး ခေါင်းစဉ်ကို ကြိုက်နှစ်သက်ရာ ရေးသားဖော်ပြနိုင်ကြောင်း။

ဓာတ်ပုံပြိုင်ပွဲ

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၂လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု သရုပ်ပေါ်လွင်စေရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်ကြောင်း။

ပြိုင်ပွဲဝင် ဆောင်းပါး၊ ဝတ္ထုတို၊ ဓာတ်ပုံများကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးကော်မတီ လူထုအားကစားနှင့် ပညာပေးဌာနခွဲ ကျိုက္ကဆံကွင်း ရန်ကုန်မြို့ ဖုန်း-၀၁-၄၀၀၄၃၁၊ ၀၁-၄၀၀၈၉၂ တို့သို့ ပေးပို့ဆက်သွယ်စုံစမ်းနိုင်ပြီး ဆုရရှိသူများအား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများအဖြစ် ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်ရာ ဆုချီးမြှင့်မည့်အစီအစဉ်ကို သတင်းစာမှ ကြိုတင်ကြေညာသွားမည်ဖြစ်ကာ ဆုရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စား မပျက်မကွက် တက်ရောက် ဆုယူကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✳ **တွက်ချက်ရေးမှ**

ယခုနှစ်စောစောပိုင်းက တစ်စက္ကန့်လျှင် တွက်ချက်မှုထရီလီယံ နှစ်ထောင်ကျော် လုပ်ဆောင်နိုင်သည့် တွက်ချက်ရေးမြန်နှုန်းမြင့် Tianhe-1A စူပါကွန်ပျူတာဌာနတစ်ခုအား ထန်ကျင့်မြို့တွင် တည်ဆောက်ခဲ့ပြီး ယင်းစူပါကွန်ပျူတာအား ကမ္ဘာ့တွက်ချက်ရေး မြန်နှုန်းအမြင့်ဆုံး ကွန်ပျူတာအဖြစ် သတ်မှတ်ခံခဲ့ရသည်။

ယခု စတင်တည်ဆောက်နေသော ချန်ရှာမြို့ရှိ တွက်ချက်ရေးမြန်နှုန်းမြင့် စူပါကွန်ပျူတာဌာန ပြီးစီးပါက ရာသီဥတု ခန့်မှန်းခြင်း၊ သိပ္ပံဆိုင်ရာသုတေသန ပြုလုပ်ခြင်း၊ ဇီဝဗေဒဆေးဝါးထုတ်လုပ်ခြင်း၊ ကာတွန်းဒီဇိုင်းနှင့် အခြားသော ကွန်ပျူတာဆိုင်ရာ အဆင့်မြင့်လုပ်ငန်းများကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း ဟူနန်အုပ်ချုပ်ရေးမှူး ရှုရှောင်ရှင်က ပြောကြားသည်။

လက်ရှိဆောက်လုပ်နေသော တွက်ချက်ရေးမြန်နှုန်းမြင့် စူပါကွန်ပျူတာဌာနအပြင် တရုတ်နိုင်ငံသည် ထန်ကျင့်နှင့် ရှင်ကျင့်မြို့များ၌ တွက်ချက်ရေးမြန်နှုန်းမြင့် စူပါကွန်ပျူတာဌာနတစ်ခုစီ ဆောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ။

○ ရှေ့ဖုံးမှ

ပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားရာတွင် ယနေ့ပြုလုပ်သော အခမ်းအနားမှာ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ လှုပ်ရှားမှုများကို နှစ်စဉ် ဒီဇင်ဘာ ၁ ရက်မှစ၍ ပထမရက်သတ္တပတ်အတွင်းတွင် ကျင်းပလေ့ရှိပါကြောင်း၊ ယခုကဲ့သို့ ကျင်းပရခြင်းမှာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန် ဖြစ်ကြောင်း။

ထို့ကြောင့် နှစ်စဉ် အထိမ်းအမှတ်ဆောင်ပုဒ်များ ချမှတ်ပြီး ဆောင်ရွက်ခဲ့ရာ ယခုနှစ်ဆောင်ပုဒ်သည် "Stop AIDS. Keep the promise. Avoid Stigma & Discrimination: Towards Universal Access." "အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့" ဖြစ်ကြောင်း၊ ယမန်နှစ်က ရွေးချယ်ထားသည့် ဆောင်ပုဒ်ဖြစ်သော "Stop AIDS. Keep the promise" ကို ဆက်လက်အသုံးပြုပြီး လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုအတွင်း ကမ္ဘာတစ်ဝန်း ကပ်ရောဂါအသွင်ကူးစက်ပျံ့နှံ့ခဲ့သည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို မိမိတို့နိုင်ငံအသီးသီးမှာရှိသော ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ၊ မိသားစုများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ထက်သန်သည့်ဆန္ဒများ၊ နိုးကြားတက်ကြွသည့် စိတ်ဓာတ်များနှင့် ထိရောက်စွာ တွန်းလှန်တိုက်ဖျက်ကြရန်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ ခုခံအား ကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို UN HCR အဖွဲ့ ဌာနေ ကိုယ်စားလှယ် Mr. Bhairaja Panday ဖတ်ကြားစဉ်။
(သတင်းစဉ်)

ဆောင်ပုဒ်

ယခုနှစ်ဆောင်ပုဒ်၏ ဒုတိယအပိုဒ်အနေနှင့် ရွေးချယ်ထားသည့် "ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့" "Avoid Stigma & Discrimination: Towards Universal Access"၏ အဓိပ္ပါယ်မှာ အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံရသူတိုင်း၊ အေအိုင်ဒီအက်စ် ဝေဒနာခံစားနေရသူတိုင်းနှင့် သူတို့၏ မိသားစုများကို ခွဲခြားနှိမ့်ချ ဆက်ဆံမှုမရှိဘဲ နွေးထွေးကြည်ဖြူစွာဖြင့် လူသားချင်း ကိုယ်ချင်းစာနာပြီး လက်တွဲကူညီ ပံ့ပိုးပြုစုစောင့်ရှောက်ပေးကြရန် တိုက်တွန်းခြင်းဖြစ်ကြောင်း။

သက်တမ်းလျော့

၁၉၈၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည့် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ပျံ့နှံ့မှုသည် နှစ်ပေါင်း ၃၀ ခန့်အတွင်းတွင် တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးသို့ ပျံ့နှံ့ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်းလုံး၌ လူပေါင်း ၃၃ ဒသမ ၃ သန်းခန့်သည် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်မှုကို ခံစားနေကြရပြီဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ် တစ်နှစ်တည်းအတွင်းတွင် လူပေါင်း ၂ ဒသမ ၆ သန်းခန့်သည် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံခဲ့ရပြီး ၁ ဒသမ ၈ သန်းခန့် သေဆုံးခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ အသက် ၁၅ နှစ်မှ ၄၉ နှစ်ကြား အရွယ် သေဆုံးကြသူများသည် အေအိုင်ဒီအက်စ်ရောဂါကြောင့် အများဆုံး သေဆုံးရခြင်းဖြစ်ကြောင်း၊ အေအိုင်ဒီအက်စ်ရောဂါကြောင့် အချို့နိုင်ငံများ၏ လူ့သက်တမ်းသည် လျော့နည်းသည်ကို တွေ့ရပါကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက် (United Nations Millennium Development Goals, အမှတ်စဉ်(၆) ဖြစ်သည့် အေအိုင်ဒီအက်စ်ရောဂါ ကပ်ရောဂါအသွင် ကူးစက်ပျံ့နှံ့မှုကို ၂၀၁၅ ခုနှစ်မှာတန့်သွားပြီး ကူးစက်မှုနှုန်း ကျဆင်းလာစေရန်အတွက်လည်းကောင်း၊ "Universal Access to HIV Prevention, Treatment, Care and Support" အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီရရှိစေရေးအတွက်လည်းကောင်း၊ အရှိန်အဟုန်မြှင့်ကာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့(National NGOs) ၁၁ ဖွဲ့၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်း ခုနစ်ဖွဲ့၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့ (International NGOs) ၂၁ ဖွဲ့ စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံ အေအိုင်ဒီအက်စ်ရောဂါ တားဆီးရေးလုပ်ငန်းအဖွဲ့ (ASEAN TASK FORCE ON AIDS)တွင် လည်းကောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွင်း အိပ်ချ်အိုင်ဗွီပိုး ကူးဆက်ပြန့်ပွားမှုတားဆီးရေး စီမံချက်မှာလည်းကောင်း၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၏ ဒေသဆိုင်ရာနှင့် ဗဟိုအဆင့် စီမံချက်လုပ်ငန်းများတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၁၉၈၉ ခုနှစ်မှာ အမျိုးသား ကျန်းမာရေးကော်မတီက ချမှတ်ပေးသည့် လမ်းညွှန်ချက်များနှင့်အညီ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များဖြင့် ပါဝင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုအဖွဲ့လက်အောက်တွင်လည်း လုပ်ငန်းကော်မတီတစ်ရပ်ကို ဌာနဆိုင်ရာများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များဖြင့် လည်းကောင်း၊ ပြည်နယ်/ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်များ၌လည်း သက်ဆိုင်ရာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးကော်မတီအသီးသီးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါကြောင်း။

ကုလ သမဂ္ဂ အေအိုင်ဒီအက်စ် အစီ အစဉ်၏ သဝဏ် လွှာကို UNAIDS အဖွဲ့ ဌာနေညှိနှိုင်းရေးမှူး Dr.Sun Gang ဖတ်ကြားစဉ်။
(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂ

ပြုစုကုသ

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သည် ကဏ္ဍပေါင်းစုံ ပူးပေါင်းရေးဆွဲခဲ့သည့် အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၀၆-၂၀၁၀)၏ မဟာဗျူဟာ (၁၃)ချက်နှင့်အညီ လုပ်ငန်းစဉ်(၁၀)ရပ်ဖြစ်သည့် အဖွဲ့အစည်းအသီးသီးအား အသိပေးဆွေးနွေးတင်ပြခြင်းလုပ်ငန်း၊ ပြည်သူလူထုအကြား အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးမြှင့်လာနိုင်စေရေးနှင့် အပြုအမူ ပြောင်းလဲရေးအတွက် ကျန်းမာရေးပညာပေးလုပ်ငန်း၊ လိင်ဆက်ဆံမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ပျံ့နှံ့မှု ကာကွယ်ရန်အတွက် မြို့နယ် ၁၇၀ ကျော်၌ ဦးတည်အုပ်စုများ၌ ရာနှုန်းပြည့် ကွန်ဒုံးသုံးစွဲရေးလုပ်ငန်း၊ မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူပြီး သွေးစစ်ဆေးခြင်းလုပ်ငန်း၊ လိင်မှတစ်ဆင့် ကူးစက်သောရောဂါများကို ထိရောက်စွာ စစ်ဆေးကုသရေးလုပ်ငန်း၊ မူးယစ်ဆေးဝါးသွေးကြောထဲ ထိုးသွင်းသူများကြား၌ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ပျံ့နှံ့မှုကာကွယ်ရေးလုပ်ငန်း၊ တစ်နိုင်ငံလုံးရှိ ဆေးရုံများ၌ အန္တရာယ်ကင်းသော သွေးသွင်းကုသမှုလုပ်ငန်း၊ မြို့နယ် ၂၁၀ နှင့် ဆေးရုံကြီး ၃၈ ရုံ၌ ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်ရေးလုပ်ငန်း၊ ပြည်နယ်/တိုင်းဒေသကြီး ဆေးရုံကြီးများအပါအဝင် ဆေးရုံပေါင်း ၃၀ တွင် အေအိုင်ဒီအက်စ် ဝေဒနာရှင်များအား အေအာတီဆေးဝါးများဖြင့် ကုသမှုလုပ်ငန်း၊ အခွင့်အရေးယူဝင်ရောက်လာသော ရောဂါများကို ကုသမှုလုပ်ငန်းများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ပြုစုကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ကုသပေးနိုင်

အေအိုင်ဒီအက်စ်ဝေဒနာရှင်များအား အိပ်ချ်အိုင်ဗွီပိုးပြန့်ပွားမှုကို ဟန့်တားပေးနိုင်သည့် ဆေးဝါးဖြင့်ကုသခြင်း (Antiretroviral Therapy)လုပ်ငန်းများကိုလည်း ၂၀၀၅ ခုနှစ်မှစတင်ပြီး အထူးကုဆေးရုံကြီး (ဝေဘာဂီ)၊ (မင်္ဂလာဒုံ) တို့မှ စတင်ကာ ဆောင်ရွက်ခဲ့ပြီး အေအာတီဆေးဝါး... ကုသရန် ရန်ကုန်မြို့သို့ လာ... သော ဝေဒနာရှင်များအတွ... ဆေးကုသမှုနှင့် တည်းခို... အဆင်ပြေစေရန် အထူး... (သာကေတ)ကို ဖွင့်လှစ်ပြီး ... ပေးလျက်ရှိကြောင်း၊ ... ပြည်နယ်/တိုင်းဒေသကြီးဆေး... အပါအဝင် ဆေးရုံပေါင်း ... ဆောင်ရွက်ပေးလျက်ရှိပြီး ... အပြည်ပြည်ဆိုင်ရာနှင့် ပြ... လူမှုရေးအဖွဲ့အစည်းများနှင့် ... ကာ အေအိုင်ဒီအက်စ် လူ... ၂၆၃၀၀ ကျော်ကို အေအာတီ... များဖြင့် ကုသပေးနိုင်ကြောင်း...

အကျိုးကျေးဇူး

မြန်မာနိုင်ငံ၏ အိပ်ချ်... ကူးစက်ပျံ့ပွားမှုနှင့် ရရှိမည့်အ... များနှင့် ပတ်သက်ပြီး ကမ္ဘာ့ကျ... အဖွဲ့၊ ကုလသမဂ္ဂ အေအိုင်... အစီအစဉ်တို့နှင့် ပူးပေါင်း... ရွက်ခဲ့သည့် ခန့်မှန်းတွက်... ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ... အရ မြန်မာနိုင်ငံ၏ ရောဂါဖြ... ဟာ ၂၀၀၀ ခုနှစ်မှာ သုည ဒ... ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၇ ... သုည ဒသမ ၆၇ ရာခိုင်နှုန်းနှ... ခုနှစ်မှာ သုည ဒသမ ၆၁ ရာခို... တဖြည်းဖြည်း လျော့ကျလာ... တွေ့ရှိရကြောင်း၊ အဆိုပါအေ... ဟာ မိမိတို့နိုင်ငံရှိ အကြီးအ... ဦးဆောင်လမ်းညွှန်မှုနှင့် ဌာ... များ၊ လူမှုရေးအသင်း... ရောဂါပိုး ကူးစက်ခံရသူများအ... ပြည်သူလူထုတစ်ရပ်လုံးက ... စွမ်းအားရှိသမျှ ပူးပေါ...

အရည်အသွေး၊ အာနိသင်ပြည့်မီသော ဆေးဝါးများအကြောင်း ဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ အရည်အသွေး၊ အာနိသင်ပြည့်မီသော ဆေးဝါးများအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပရာ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိင်္ဂီဇင်က ဆေးဝါးများ၏ အရည်အသွေး အာနိသင်ထိန်းသိမ်းခြင်းနှင့် စည်းကမ်းချက်များအကြောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်မှ ရဲမှူး ဒေါ်သန်းအေးက မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများ၊ UN Convention မှ ပြဌာန်းထားသည့် ဆေးဝါးများ၊ ဥပဒေများကို လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ CID မှ ဒုတိယရဲမှူးကျော်ဝင်းက စံမမီဆေးဝါးအန္တရာယ်နှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အကြောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ သွေးကြောသွင်းဆေးရည်ဌာနမှ ဌာနမှူး ဒေါက်တာအောင်ဇော်က သွေးကြောသွင်းဆေးရည်များ၊ စံချိန်မီ အရည်အသွေးစစ်ဆေးခြင်းကို လည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ အထွေထွေ ရောဂါကုဆရာဝန် ဒေါက်တာခိုင်စိုးဝင်းက ဆေးခန်းများ၌ ကြုံတွေ့ရသော ဆေးဝါးများအန္တရာယ်အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးဟောပြောကြသည်။

အရည်အသွေး၊ အာနိသင် ပြည့်မီသော ဆေးဝါးများအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ၌ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဂုဏ်ပြု

ယင်းနောက် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဟောပြောဆွေးနွေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်ညွှန်ကြားရေးမှူး မအူပင်-တွံ ... လှိုင်သာယာ လမ်းဖောက်လုပ်ရေးလုပ်ငန်း ကြည့်ရှုစစ်...

ရန်ကုန် ဒီဇင်ဘာ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ... သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်းဒေ... စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ... သူများနှင့်အတူ နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် တွံတေးမြို့နယ် စည်ပ... ရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး အမှုဆောင်အရာရှိ၏ တင်ပြချက်အပေါ် ကေ... ကျန်ရှိသော အခွန်အခ၊ အကောက်တို့ကို ဥပဒေစည်းမျဉ်း၊ စည်းကမ်း... အမြန်ဆုံး ကောက်ခံပေးသွင်းသွားရန်၊ လုပ်ငန်းများကို ဘဏ္ဍာရေးနှ... အမြန်ဆုံးပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် မြို့သန့်ရှင်း သာ... ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် မှာကြာ...

ယင်းနောက် ညွှန်ကြားရေးမှူးသည် မြို့မဈေး မီးဘေးလုံခြုံရေး ... ထားမှုရှိနှင့် တွံတေးမြို့ စည်ပင်သာယာရေးအဖွဲ့ရုံး ဆောက်လုပ်ရန် ... အသစ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တွံတေးမြို့ တစ်ဖက်ကမ်းရှိ မြဂိုးကျေးရွာအနီး ဖေ... လျက်ရှိသော မအူပင်- တွံတေး-လှိုင်သာယာလမ်းဖောက်လုပ်ရေး လုပ်... သွားရောက်၍ တည်ဆောက်ပြီးဖြစ်သော ကွန်ကရစ်တံတားလေးစင်း အ... တံတားချဉ်းကပ်လမ်း မြေသားတင်အမာခံ ဆောင်ရွက်နေမှုများနှင့် မြေ... ရှစ်မိုင် သုံးဖာလုံအား စက်ယန္တရားများဖြင့် အောက်ခံလွှာအမာခံ ရ... ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သ...

စ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ခဲ့ပြီး အေအာတီဆေးဝါးများဖြင့် ကုသရန် ရန်ကုန်မြို့သို့ လာရောက်ကြသော ဝေဒနာရှင်များအတွက်လည်း ဆေးကုသမှုနှင့် တည်းခိုနေထိုင်မှု အဆင်ပြေစေရန် အထူးကုဆေးရုံ (သာကေတ)ကို ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ပြည်နယ်/တိုင်းဒေသကြီးဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၃၀ တွင် ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့အထိ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အေအိုင်ဒီအက်စ် လူနာပေါင်း ၂၆၃၀၀ ကျော်ကို အေအာတီ ဆေးဝါးများဖြင့် ကုသပေးနိုင်ကြောင်း။

အကျိုးကျေးဇူး

မြန်မာနိုင်ငံ၏ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ပျံ့ပွားမှုနှင့် ရရှိမည့်အကျိုးဆက်များနှင့် ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ အေအိုင်ဒီအက်စ် အစီအစဉ်တို့နှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့သည့် ခန့်မှန်းတွက်ချက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရလဒ်တွေ့အရ မြန်မာနိုင်ငံ၏ ရောဂါဖြစ်ပွားနှုန်းဟာ ၂၀၀၀ ခုနှစ်မှာ သုည ဒသမ ၉၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် သုည ဒသမ ၆၇ ရာခိုင်နှုန်းနှင့် ၂၀၀၉ ခုနှစ်မှာ သုည ဒသမ ၆၁ ရာခိုင်နှုန်းသို့ တဖြည်းဖြည်း လျော့ကျလာကြောင်း တွေ့ရှိရကြောင်း၊ အဆိုပါအောင်မြင်မှုဟာ မိမိတို့နိုင်ငံရှိ အကြီးအကဲများ၏ ဦးဆောင်လမ်းညွှန်မှုနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရောဂါပိုး ကူးစက်ခံရသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ စွမ်းအားရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကြောင့် ရရှိခဲ့သည့် အကျိုးကျေးဇူးများရရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်၏ အားပေးထောက်ခံမှု၊ 3 Diseases Fund စသည့် ရန်ပုံငွေ ကူညီပံ့ပိုးမှုများ အပြင် ၂၀၁၀ ခုနှစ်မှာ Global fund Round-9 မှ ရန်ပုံငွေကူညီပံ့ပိုးမှု ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လာမည့်နှစ်တွေအတွက် ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့သော် ရန်ပုံငွေ ကူညီပံ့ပိုးမှုများ လိုအပ်နေဆဲပင်ဖြစ်နေပြီး အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို အထူးစီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ အရင်းအမြစ်များကို စနစ်တကျ ခွဲဝေသုံးစွဲခြင်း၊ လူ့အရင်းအမြစ်များ၏ အရည်အသွေး ပိုမိုတိုးမြှင့်လာစေခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပိုမိုတောင့်တင်းခိုင်မာလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ရရှိပြီးသည့် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ဆိုင်ရာ စွမ်းဆောင်ချက်များကို ဆက်လက်ထိန်းသိမ်းပြီး ရောဂါကူးစက်မှုမရှိစေရန်အတွက် အပြုအမူ ပြောင်းလဲရေး ဦးတည်သည့် ရောဂါကာကွယ်ရေး ပညာပေးလုပ်ငန်းများကို ကုသရေး လုပ်ငန်းများနည်းတူ ပိုမိုတိုးမြှင့် ဆောင်ရွက်ကြရန် မိတ်ဖက်အဖွဲ့အစည်းများအားလုံးကို တိုက်တွန်းပြောကြားလိုကြောင်း၊ ယနေ့ အထိမ်းအမှတ် အစီအစဉ်များ ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို UNHCR ဌာနေကိုယ်စားလှယ် Mr.Bhairaja Panday က ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အေအိုင်ဒီအက်စ် အစီအစဉ်၏ သဝဏ်လွှာကို UNAIDS အဖွဲ့ ဌာနေညှိနှိုင်းရေးမှူး Dr. Sun Gang က ဖတ်ကြားသည်။

ယင်းနောက် ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် နှစ်သိမ့်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်သည်။

ပန်းချီပြိုင်ပွဲ

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အခြေခံပညာ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အခြေခံပညာ မူလတန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ တာဝန်ရှိသူများက အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် နှစ်သိမ့်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း ဆုများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ပြသထားသည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့၊ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့" "Stop AIDS Keep the Promise A Void Stigma and Discrimination Fowards Universal Access" ဖြစ်သည်။

(သတင်းစဉ်)

...ပ်ပင်ညွှန်ကြားရေးမှူး မအူပင်-တွံတေး-
...က်လုပ်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

...န် ဒီဇင်ဘာ ၂

...ရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်
...င်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး
...ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် တာဝန်ရှိ
...က် နံနက်ပိုင်းတွင် တွံတေးမြို့နယ် စည်ပင်သာယာ
...ဆောင်အရာရှိ၏ တင်ပြချက်အပေါ် ကောက်ခံရန်
...ာက်တို့ကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ
...သွားရန်၊ လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အတွင်း
...ဆောင်ရွက်သွားရန်နှင့် မြို့သန့်ရှင်း သာယာလှပ
...်အဟုန်မြှင့် ဆောင်ရွက်သွားရန် မှာကြားသည်။
...ေးမှူးသည် မြို့မဈေး မီးဘေးလုံခြုံရေး ဆောင်ရွက်
...င်သာယာရေးအဖွဲ့ရုံး ဆောက်လုပ်ရန် မြေနေရာ
...သည်။
...တစ်ဖက်ကမ်းရှိ မြဂိုးကျေးရွာအနီး ဖောက်လုပ်
...-လှိုင်သာယာလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်သို့
...ဖြစ်သော ကွန်ကရစ်တံတားလေးစင်း အခြေအနေ၊
...ာင်အမာခံ ဆောင်ရွက်နေမှုများနှင့် မြေသားလမ်း
...န္တရားများဖြင့် အောက်ခံလွှာအမာခံ ရရှိအောင်
...စ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး
မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်တွင် မြိတ်မြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ပြိုင်ပွဲပထမနေ့ ပွဲစဉ်အဖြစ် မြိတ်မြို့နယ်အသင်းနှင့် ကော့သောင်းမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

တိုင်းမှူးသည် နိုဝင်ဘာ ၂၇ ရက်တွင် မြိတ်မြို့ လေယာဉ်ကွင်းလမ်းဆုံ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

မှာကြားဖြည့်ဆည်း

ဆက်လက်၍ ပါရမီရပ်ကွက်အတွင်း လမ်းလုပ်ငန်းနှင့် အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရပ်ခြားပညာသင်ကြားခြင်းဆိုင်ရာ အားသာချက်နှင့် အားနည်းချက်များအကြောင်း ဟောပြောမည်

ရန်ကုန် ဒီဇင်ဘာ ၂

၂၁ ရာစုနှစ်၏ ပထမဆယ်စုနှစ်ကာလအတွင်း နိုင်ငံတကာပညာ သင်ကြားရေး အရှိန်အဟုန်မြင့်မားလာခြင်းနှင့် အကျိုးဆက်များ၊ အဆင့်မြင့်ပညာ သင်ကြားပို့ချရန် အပြိုင်အဆိုင်ကြိုးစားလာရာမှ လုံခြုံရေးနှင့် လူမှုရေး၊ စီးပွားရေးဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာပုံများ။ ယင်းပြဿနာများကို အခြေခံပြီး ဖော်ဆောင်နေသော ပြည်ဝင်ခွင့် ဗီဇာဥပဒေအသစ်များနှင့် နောက်ဆက်တွဲ ဆိုးကျိုးများနှင့် မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများ ဗြိတိန်၊ အမေရိကန်စသော နိုင်ငံများတွင် ပညာသင်ယူနေစဉ် ကြုံတွေ့ရသော အားသာချက်များ၊ အားနည်းချက်များ အကြောင်းကို Worldwide Education Management (UK) ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါက်တာနေက ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်-တကောင်းခန်းမ၌ ဟောပြောမည်ဖြစ်သည်။

ယင်းဟောပြောပွဲတွင် ဘာသာရပ်ရွေးချယ်မှု၊ နိုင်ငံနှင့် တက္ကသိုလ် ရွေးချယ်မှုဆိုင်ရာ အကြံပြုချက်များနှင့် ပညာသင်ယူနေစဉ်အတွင်း မည်ကဲ့သို့ ကြိုးစားပြုမူနေထိုင်သင့်ကြောင်း အကြံပြုချက်များကိုပါ ထည့်သွင်းပြောကြားမည်ဖြစ်ရာ ပညာရေးကို စိတ်ပါဝင်စားသူတိုင်း(အခမဲ့) တက်ရောက်နိုင်ကြောင်းနှင့် ခုံနေရာအတွက် Education for All အစီအစဉ်ဌာန နဝရတ်ပညာရေး-အမှတ်(၈၂) (တတိယထပ်) အနော်ရထာလမ်း (၃၉ လမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၂၂၅၊ ၂၅၀၁၅၀၊ ၀၉၅၁၂၇၃၀၀ တို့သို့ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုဝင်ဘာ ၂၇ ရက်က ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် ၃၄ လမ်း(အထက်) ကွန်ကရစ်လမ်းနှင့် စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျနှင့် လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမော်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ချောက် GTI ပဉ္စမအကြိမ် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

သခင်ဖိုးလှကြီး စက်မှုလက်မှုသိပ္ပံ (ချောက် GTI)ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၁၁ ရက် (စနေနေ့)ညနေ ၆ နာရီ မှ ည ၁၀ နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း တက္ကသိုလ်လှေလှော်အသင်းဝင်းအတွင်းရှိ ရွှေရှမ်းကန်စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ပြီး မကွေးမြို့တွင် ကျင်းပမည့် အာစရိယပူဇော်ပွဲအတွက်လည်း ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

မိတ်ဆုံညစာစားပွဲ ကျင်းပရေးနှင့် အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဦးကြည်ဝင်း (85E) ဖုန်း-၀၉-၅၀၈၃၉၃၄၊ ဦးဖံအောင်ကြွယ် (86C) ဖုန်း-၀၉-၅၀၂၉၂၈၉၊ ဦးညီညီထွန်း (87 P,T) ဖုန်း-၀၉-၅၁၀၄၃၃၅၊ ၀၉-၅၁၀၂၉၉၄၊ ဦးအောင်မြ (92 E) ဖုန်း-၀၉-၅၀၅၇၀၂၄ နှင့် ဦးထွန်းလင်းဇော် (95 P)ဖုန်း-၀၉-၅၀၉၄၈၉၆ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၁၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၄၅ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၄။ အိုင်စီတီသုတ
၄း၅၅ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ လျှပ်တစ်ပြက်
၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅ ၈။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ကပ်ပါးပိုးကောင်လေးများ (အပိုင်း-၁)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ "ရွာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၄။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖူးစင်သောအားမာန် (အပိုင်း-၁၃)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ သံစဉ်များနှင့်ကမ္ဘာ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၂၁)**
၂၄။ ကမ္ဘာတစ်ခွင်ခရီးစဉ်
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

အထက(၁၄) (လပုန်းအထိမ်းအမှတ်ကျောင်း)ကျောင်းသားများ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

မန္တလေးမြို့ အထက(၁၄)(ယခင်လဖုန်းအထိမ်းအမှတ်ကျောင်း) ကျောင်းသားများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက် ညနေ ၄ နာရီတွင် မန္တလေးမြို့ လမ်း ၃၀၊ ၈၂-၈၃ လမ်းကြား ဖူကျင်ကွမ်ရင် ဗုဒ္ဓဘာသာဘုရားကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ၁၉၆၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် လှူဒါန်းလိုသူများ လူထုဦးစိန်ဝင်း ဖုန်း-၀၁-၃၇၅၁၇၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၁-၇၃၀၃၇၈၉၊ ၀၁-၅၄၈၅၀၃၊ ဦးမျိုးညွန့် ဖုန်း-၀၉-၉၀၅၆၂၀၅၊ ဦးမောင်မောင်ဆွေ ဖုန်း-၀၁-၅၆၄၁၇၃၊ ဦးချွန်စန်းနှင့် မန္တလေးမြို့ ဦးချစ်ဆွေ ဖုန်း-၀၉-၂၀၃၅၀၈၅၊ ဦးနေဝင်း ဖုန်း-၀၉-၂၀၀၂၉၇၇၊၀၂-၃၉၃၉၆၊ ဦးလှမြင့် ဖုန်း-၀၂-၃၀၂၃၈၂၊ ဦးသက်ညွန့် ဖုန်း-၀၉-၂၀၀၁၂၁၈၊ ဦးတင်မောင်ညွန့် ဖုန်း-၀၉-၂၀၀၂၉၇၃၊ ဦးမြင့်ဟန် ဖုန်း- ၀၂-၇၂၃၁၇၊ ဦးဇော်ဝင်း ဖုန်း-၀၉-၆၅၀၄၅၀၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကြီးကြပ်ဆောင်ရွက်

ကွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ကွန်းလှမြို့အဝင် ဆိုင်းဘုတ်ရှေ့ မြေရာရှုခင်း အလှပြုပြင်ခြင်းကို အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထွန်းသန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး သက္ကလစ်ပြကျေးရွာ ကျောင်းဆောက်လုပ်ရေးအတွက် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း- သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင် (မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေးမိသားစု)က အလှူငွေကျပ် ၁၅ သိန်းကို နိုဝင်ဘာ ၂၀ ရက်က ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဦးမြသောင်းနှင့် ဦးဉာဏ်ရွှေတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(၆၇)

ကေတုမတီ(တောင်ငူ) မြို့တည်၊ နန်းတည် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ International Beverages Trading Co., Ltd. (IBTC) မှ အဓိက ကူညီပံ့ပိုးသော ကေတုမတီတောင်ငူ မြို့တည်၊ နန်းတည် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ကေတုမတီမြို့သစ်(တောင်ငူ)မြို့ (Southern Star Golf Club)၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံတွင် နေရာယူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း၊ တောင်ငူလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဆန်းဦးလှိုင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း၊ ဒုဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြန်မာပီဂျီအေ အလုပ်အမှုဆောင် ဦးကိုကိုလေး၊ IBTC Group of Co., Executive Director ဦးတင့်ဦးတို့မှ အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြပြီးနောက် ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း ပြိုင်ပွဲအား ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

ပထမနေ့ (၁၈)ကျင်းအပြီးတွင် Professional Golfers ပြိုင်ပွဲတွင် ဇော်ဇင်ဝင်း (Srixon)နှင့် စိုးကျော်နိုင် (Srixon) တို့က ရိုက်ချက် (၇၂)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ဇော်ပိုင်ဦး (RMGCC) နှင့် ဇော်ဇော်လတ် (Srixon)တို့က ရိုက်ချက် (၇၅)ချက်တို့ဖြင့် တတိယလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သိန်းနိုင်စိုးက ရိုက်ချက် (၇၃)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ မောင်မောင်ဦးက ရိုက်ချက် (၇၆)ချက်ဖြင့် ဒုတိယ၊ နိုင်ရဲလင်းက ရိုက်ချက် (၇၇)ချက်ဖြင့် တတိယလိုက်နေသည်။

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် International Beverages Trading Co., Ltd. (IBTC) က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် Grand Royal Premium Drinking Water, Srixon, Red Star Myanmar Group International Co., Ltd. နှင့် Southern Star Golf Club တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ (၅၊ ၆)ရက် နေပြည်တော်

သွေးလှူရှင်များ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

(၁၄)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဘုန်းကြီးလမ်းထောင့်ရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကမ္ဘာ့အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တောင်ဥက္ကလာပမြို့နယ် အထက(၁) သီရိရတနာခန်းမတွင် ဒီဇင်ဘာ ၂ ရက်က ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တောင်ဥက္ကလာပမြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုး အမှာစကားပြောကြားစဉ်။ (၆၄)

လက်ရှိချန်ပီယံ ဗီယက်နမ် မြန်မာကို ဂိုးပြတ်နိုင်

သတင်း - စိုးညွန့်(ခေတ္တ-ဟန္နွိုင်း)

ဟန္နွိုင်း ဒီဇင်ဘာ ၂

၂၀၁၀အာဆီယံ ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပွဲစဉ်များကို ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့ မိုင်ဒင်းကွင်း၌ ယနေ့ညနေပိုင်းက စတင်ကျင်းပရာ ပထမပွဲတွင် စင်ကာပူနှင့် ဖိလစ်ပိုင်တို့ တစ်ဂိုးစီ သရေကျသွားပြီး ဒုတိယပွဲတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗီယက်နမ် - ခုနစ်ဂိုး

မြန်မာ - တစ်ဂိုး

မြန်မာအသင်းကို ဂိုးပြတ်သွင်းပြီး လက်ရှိချန်ပီယံ ဗီယက်နမ်တို့ ပွဲဦးထွက်မျက်နှာပန်းလှသွားသည်။ ယခုပြိုင်ပွဲတွင် ဗီယက်နမ်နှင့်တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့မရှိသည့် မြန်မာအသင်းမှာ ယခုပွဲတွင်လည်း ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ မြန်မာအသင်းမှာ ဗီယက်နမ်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိ၍လည်း ယခုကဲ့သို့ ဂိုးပြတ်သွားရခြင်းဖြစ်သည်။

ပွဲစကတည်းက အိမ်ရှင်ဗီယက်နမ်အသင်းမှာ မြန်မာအသင်းဘက်ကို တောက်လျှောက်ဖိကစားခဲ့သည်။ မြန်မာအသင်းနောက်တန်း ဘယ်ခြမ်းဘက်မှ အဓိကအားပြုတိုက်စစ်ဆင်ခဲ့ပြီး မြန်မာနောက်ခံလူများ၏ ဖျက်ထုတ်မှု မသေချာမှုများကြောင့် ဗီယက်နမ်တို့ ဂိုးသွင်းခွင့်များရခဲ့သည်။ ၁၃မိနစ်တွင် ငုရင်အန်ဒတ်က ဗီယက်နမ်အတွက် ဂိုးစတင်သွင်းယူခဲ့ပြီး နှစ်မိနစ်အကြာတွင် အောင်ကျော်မိုးက ချေပဂိုးပြန်သွင်းခဲ့သည်။

သရေဖြစ်ပြီး နောက်ပိုင်းတွင် ဗီယက်နမ်အသင်းက အသာစီးမှုကစားသွားပြီး ၂၉မိနစ်တွင် ငုရင်မင်ပြောင်က ဒုတိယဂိုး၊ ၅၁မိနစ်တွင် လီတန်တိုင်က တတိယဂိုး၊ ၆၅မိနစ်တွင် ငုရင်အန်ဒတ်က စတုတ္ထဂိုး၊ ၇၁မိနစ်နှင့် ၈၂မိနစ်တွင် ငုရင်ထရောင်ဟောင်းက ပဉ္စမဂိုးနှင့် ဆဋ္ဌမဂိုး၊ မိနစ် ၉၀တွင် ငုရင်စူဖောင်က သတ္တမဂိုးတို့ကို ထပ်မံသွင်းယူသွားသည်။

မြန်မာအသင်းသည် ဒီဇင်ဘာ ၅ရက်တွင် စင်ကာပူအသင်းနှင့် ကစားရမည်ဖြစ်သည်။

ဖတ်ကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ကျောက်တံတားမြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျ ဖတ်ကြားစဉ်။

(ခရိုင်/ပြန်ဆက်)

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး လုပ်ငန်းဖြစ်သော ဗိုလ်ချုပ်လမ်း ပလက်ဖောင်း ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ ပင်လောင်း မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၁၂ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၃ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အထက(၃)ဒဂုံ (ယခင်မြို့မအမျိုးသမီးကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

အထက(၃)ဒဂုံ (ယခင်မြို့မအမျိုးသမီးကျောင်း) ကျောင်းသား၊ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် ကျေးဇူးရှင် အငြိမ်းစား ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာခင်ခင်ထား ဖုန်း-၇၃၀၅၀၀၈၂၊ ဒေါ်ခင်ချမ်းသာ ဖုန်း- ၀၉၅၄၀၀၉၆၉၊ ဒေါ်ငွေငွေခိုင် ဖုန်း-၀၉၉၉၂၇၀၂၁၊ ဒေါ်အေးစုလှိုင် ဖုန်း-၂၁၁၆၃၉၊ ဒေါ်မိုးဖြူသဲ ဖုန်း-၅၅၆၂၆၁၊ ဒေါ်နန်းဝတ်ရည်နှင်းကြည်ဦး ဖုန်း-၆၄၁၈၅၉ နှင့် ကိုရဲမင်းဦး ဖုန်း-၇၀၈၅၂၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ဂ)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (က) အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းက အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊(င)အုပ်စု ရကတဇုန် (ရန်ကုန်)၌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းက အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (စ)အုပ်စု လပခဇုန်(မန္တလေး)၌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရုရှားနှင့် ကာတာ ၂၀၁၈ နှင့် ၂၀၂၂ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် ကျင်းပခွင့်ရ နာမည်ကြီးအင်္ဂလန် ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင် အခွင့်အရေး အံ့သြဖွယ်ဆုံးရှုံး

လန်ဒန် ဒီဇင်ဘာ ၂

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် ယနေ့ညပိုင်းက ၂၀၁၈ ကမ္ဘာ့ဖလားနှင့် ၂၀၂၂ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရေးကို မဲခွဲဆုံးဖြတ်ခဲ့ရာ ၂၀၁၈ ကမ္ဘာ့ဖလားအတွက် ရုရှားနိုင်ငံက အံ့သြဖွယ်ကောင်းလောက်အောင် အင်္ဂလန်ကို ကျော်ဖြတ်၍ အနိုင်ရခဲ့သည်။ ရုရှားသည် ၂၀၁၈ ကမ္ဘာ့ဖလားကျင်းပခွင့်ရရေးကို အင်္ဂလန်၊ ပေါ်တူဂီ-စပိန်၊ နယ်သာလန်-ဘယ်လ်ဂျီယံတို့နှင့် အပြိုင်ကြိုးပမ်းခဲ့ရခြင်းဖြစ်သည်။ အင်္ဂလန်နိုင်ငံသည် ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၆၆ ခုနှစ်က တစ်ကြိမ် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့ပြီး ယခု ၂၀၁၈ တွင်လည်း ကျင်းပခွင့်ရရေးကို အင်္ဂလန်ပြည်သူများက မျှော်လင့်ခဲ့ကြသည်။ သို့သော် ယခုတွင်မူ ယင်းတို့၏မျှော်လင့်ချက်များမှာ ပျက်ပြယ်ခဲ့ရပြီး အဓိကအကြောင်းမှာ အင်္ဂလန်မီဒီယာများနှင့် ဖီဖာတာဝန်ရှိသူများအကြားမှ မပြေလည်မှုများကြောင့်ဟု သတင်းများတွင် ဖော်ပြထားသည်။

ရုရှားသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းမှ ရုရှားကစားသမားများနှင့် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်တို့လည်း အောင်ပွဲခံခဲ့ကြကြောင်း သိရသည်။

၂၀၂၂ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ်ကျင်းပခွင့်ကိုမူ အာရပ်ကမ္ဘာတွင် ပထမဆုံးအဖြစ် ကာတာက ရရှိခဲ့သည်။ ကာတာနိုင်ငံသည် ဩစတြေးလျ၊ အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့ကို ကျော်ဖြတ်၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

နိုင်ငံတကာအားကစား

မန်ယူနှင့် အာဆင်နယ်တို့ အမှတ်ပြည့်ရဖွယ်ရှိသည့် ပရီမီယာလိဂ် ပွဲစဉ်(၁၆)

ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ် ပွဲစဉ်(၁၆) ပထမနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၄ ရက် (စနေနေ့) မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ ရာသီတစ်ဝက် ကျိုးခါနီးပြီဖြစ်သလို ပြိုင်ဆိုင်မှုတွေကလည်း တစ်ပွဲထက်တစ်ပွဲ ပိုမိုပြင်းထန်လာတာ တွေ့ရပါတယ်။ ဒီတစ်ပတ်မှာ မန်ယူနဲ့ အာဆင်နယ်တို့ နိုင်ပွဲဆက်ပြီး အမှတ်ပြည့် ရဖွယ်ရာ ရှိနေပါတယ်။



မန်ယူအသင်း၏ တောင်ပံတွင် ခြေစွမ်းပြနေသည့် နာနီ။

အာဆင်နယ် - ဖူလ်ဟမ်

ပွဲစဉ် (၁၅)အပြီးမှာ အာဆင်နယ်က တတိယနေရာမှာရှိနေပြီး ဖူလ်ဟမ်က အဆင့်(၁၇)ကို ရောက်နေပါတယ်။ အာဆင်နယ်ကွင်းလယ်မှာ ဖာဘရီဂက်စ်ပါဝင်ဖို့ မသေချာပေမယ့် နာဆရီ၊ ဆောင်း၊ ရိုဆစ်စကီးနဲ့ဒီနယ်လ်ဆင်တို့ ခြေစွမ်းပြပြီး တိုက်စစ်ကို ကောင်းကောင်းပံ့ပိုးပေးနိုင်ကြပါတယ်။ လူငယ်တိုက်စစ်မှူး ချာမက်ခ်ကလည်း အာရှာဗင်နဲ့တွဲပြီး ဂိုးတွေရနေပါတယ်။ လက်ရှိ ဖူလ်ဟမ်ရဲ့ခြေစွမ်းက သာမန်ထက် နိမ့်ကျနေပြီး နောက်ဆုံးငါးပွဲဆက်တိုက် နိုင်ပွဲပျောက်ခဲ့ပါတယ်။ ဒါ့ကြောင့် အိမ်ကွင်းမှာ လျင်မြန်မှုကို အားပြုကစားလာမယ့် အာဆင်နယ် ချန်ပီယံလိဂ်ပွဲ နွဲ့စရာရှိနေပေမယ့် ဒီပွဲကိုလည်း အနိုင်ကစားထားဦးမှာပါ။

ဘလက်ပူးလ်-မန်ယူ

တန်းတက် ဘလက်ပူးလ်ရဲ့ ခြေစွမ်းက အလယ်အလတ်အဆင့်မှာ ရှိနေဆဲပါ။ အိမ်ကွင်းကစားပုံ ကောင်းမွန်တဲ့ ဘလက်ပူးလ် အဆင့်(၁၁)မှာ ရပ်တည်နေနိုင်ပြီး မန်ယူကတော့ ဒုတိယနေရာက ချယ်လ်ဆီးကို နှစ်မှတ်ဖြတ်ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေပါတယ်။ မန်ယူမှာ တောင်ပံကစားသမား နာနီ ခြေစွမ်းပြနေသလို တိုက်စစ်ပိုင်းမှာ ဝိန်းရွန်နေး ပါဝင်လာပြီဖြစ်တာကြောင့် တိုက်စစ်ပိုင်းထက်မြက်နေပါပြီ။ ဒါ့ပြင် ရှုံးပွဲမရှိသေးတဲ့ မန်ယူဟာ ချယ်လ်ဆီးပွဲကျပ်ကြုံနေချိန်ကို အခွင့်ကောင်းယူပြီး အဝေးကွင်းမှာ အမှတ်ပြည့် ရယူသွားဦးမှာပါ။

ချယ်လ်ဆီး - အဲဗာတန်

နောက်ဆုံးသုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ထားတဲ့ချယ်လ်ဆီး ပွဲစဉ်(၁၅) အပြီးမှာ ဒုတိယနေရာကို ဆင်းပေးလိုက်ရသလို နောက်တန်းအင်အားချို့တဲ့နေတာကြောင့် ပွဲတိုင်းကို ရုန်းကန်နေရပါတယ်။ ဖိအားတွေဝင်နေတဲ့ အန်ဆန်လော့တီ ဒီပွဲကို အမှားခံတော့မှာ မဟုတ်ပေမယ့် အဲဗာတန်က တင်ကာဟေးလ်၊အာတီတာ၊ ပီနား၊ ဆာဟာတို့နဲ့ လူစုံနေတာကြောင့် ချယ်လ်ဆီးကို အခက်တွေ့စေဦးမှာပါ။

အခြားပွဲစဉ်များတွင် စတုတ်စီးတီး၊ ဘလက်ဘန်း၊ စပါးနဲ့ မန်စီးတီးတို့ နိုင်ပွဲတွေ့သွားနိုင်ပါတယ်။

ပရီမီယာလိဂ် ပွဲစဉ်(၁၆) ပထမနေ့ ပွဲစဉ်တွင် ဝီဂန်-စတုတ်စီးတီး၊ ဘလက်ဘန်း-ဝုလ်ဗာဟမ်တန်၊ ဘာမင်ဂမ်-စပါး၊ ချယ်လ်ဆီး-အဲဗာတန်၊ မန်စီးတီး-ဘော်လ်တန်၊ အာဆင်နယ်-ဖူလ်ဟမ်၊ ဘလက်ပူးလ်-မန်ယူတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

အဲဗာတန်အသင်း၏ အဓိက ကစားသမား တင်ကာဟေးလ်။

ဝင်းတင် (ကြေးမုံ)

ယူရို ၂၀၁၂ အတွက် ပြင်ဆင်နေသည့် ဂျာမနီ အသင်းကြီးများနှင့် ခြေစမ်းကစားရန်စီစဉ်

စိုးတင့်နိုင်

ဘာလင် ဒီဇင်ဘာ ၂

ဂျာမန်လက်ရွေးစင်အသင်းနည်းပြ ဂျိုအာချင်လိုက ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်မှုအနေဖြင့် ခက်ခဲသောပြိုင်ဘက်များနှင့် ခြေစမ်းကစားမည်ဟု အင်္ဂါနေ့က ပြောကြားလိုက်သည်။

ယူရို ၂၀၀၈ ဥရောပဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သော ဂျာမနီအသင်းသည် ယူရို ၂၀၁၂ ခြေစစ်ပွဲ အုပ်စု(က)တွင် ငါးမှတ်အသာဖြင့် ပြိုင်ဘက်အသင်းများကို ဦးဆောင်လျက်ရှိပြီး အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်ရန် အလားအလာကောင်းနေသည်။

ခြေစစ်ပွဲကို တိုက်ရိုက်အောင်မည်ဆိုပါက ဂျာမနီအသင်းသည် ၂၀၁၁ ခုနှစ်အတွင်း ယူကရိန်း၊ နယ်သာလန်၊ အသင်းတို့နှင့် ခြေစမ်းပွဲများ ကစားမည်ဖြစ်ပြီး ၂၀၁၂ ဖေဖော်ဝါရီလတွင် ပြင်သစ်အသင်းနှင့် ခြေစမ်းရန် စီစဉ်နေသည်။ သို့သော် ပြိုင်ပွဲများကျင်းပသည့် နေ့ရက်နှင့် ကစားကွင်းများကို အတိအကျ မသတ်မှတ်ရသေးပေ။

"အင်အား အတောင့်တင်းဆုံးဆိုတဲ့ အသင်းတွေနဲ့ ခြေစမ်းပွဲကစားချင်ပါတယ်" ဟု နည်းပြ ဂျိုအာချင်လိုက ဂျာမန်သတင်းစာ Bild သို့ ပြောကြားခဲ့သည်။

ဂျာမန်အသင်းသည် လာမည့် ဖေဖော်ဝါရီလ ၉ ရက်တွင် အီတလီအသင်း၊ ဩဂုတ်လအတွင်း ဘရာဇီးအသင်းတို့အား ဂျာမန်မြေပေါ်တွင် ခြေစမ်းပွဲများ လက်ခံကစားမည်ဖြစ်ပြီး ယူရို ၂၀၁၂ ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲခြောက်ပွဲထက်မနည်း လက်ခံကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လို။

ယူရို ၂၀၁၂ ပြိုင်ပွဲအား ယူကရိန်းနှင့် ပိုလန် နှစ်နိုင်ငံက လက်ခံကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပရန် ၁၈ လခန့် လိုသေးသည်။ ***အင်တာနက်။***

ဆေးအဖွဲ့မှူး ပီတာဘရွတ်ခ်နာနှင့် စတီဗင်ဂျရတ်။

စတီဗင် ဂျရတ် နယူးကာဆယ်နှင့်ပွဲတွင် ပြန်ကစားနိုင်မည်

လီဗာပူး ဒီဇင်ဘာ ၂

ပြင်သစ်အသင်းနှင့် ကစားခဲ့သော အင်္ဂလန်အသင်း၏ ခြေစမ်းပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သည့် လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရက်သည် ဒဏ်ရာမှ တဖြည်းဖြည်း ပြန်လည် သက်သာလာပြီဖြစ်၍ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ကစားမည့် နယူးကာဆယ်နှင့် ပရီမီယာလိဂ်ပွဲတွင် ပြန်လည် ကစားနိုင်ဖွယ်ရှိသည်။

လီဗာပူးအသင်း၏ ဆေးအဖွဲ့မှူး ပီတာဘရွက်ခ်နာက "စတီဗင် ပြန်သက်သာလာပါပြီ။ လေ့ကျင့်ခန်းမဆင်းနိုင်သေးပေမယ့် အပြေးလေ့ကျင့်ခန်းတော့ လုပ်နေပါပြီ" ဟု ဆိုသည်။

မျှော်မှန်းထား

သို့သော် ဂျရတ်သည် တနင်္လာနေ့တွင် ကစားမည့် အက်စတွန်ဗီလာနှင့် အိမ်ကွင်းပွဲတွင် ပါဝင်ကစားနိုင်ဖွယ် မရှိသေးပေ။ လာမည့် တနင်္လာနေ့မှစ၍ ဂျရတ်သည် အစောဆုံးအနေဖြင့် လေ့ကျင့်ခန်း အပြည့်အဝပြန်လည် ပြုလုပ်နိုင်မည်ဖြစ်ပြီး နယူးကာဆယ်နှင့်ပွဲတွင် သေချာပေါက် ပြန်ကစားနိုင်ရန် မျှော်လင့်ထားကြောင်း ဘရွက်ခ်နာက ဆိုသည်။

ရှုံးနိမ့်ခဲ့ရ

ဂျရတ်အနားယူနေရသည့် ကာလအတွင်း လီဗာပူးအသင်းသည် ဝက်စ်ဟမ်းအား ၃-၀ ဖြင့် အနိုင်ရခဲ့သော်လည်း ပြီးခဲ့သည့်အပတ် ပရီမီယာလိဂ်ပွဲစဉ်တွင် စပါးကို ၂-၁ နှင့် ရှုံးနိမ့်ခဲ့ရသည်။ ***အင်တာနက်။***

ဘာမင်ဂမ် နောက်ခံလူ စကော့ဒန်းအား လီဗာပူးနှင့် စပါး အပြိုင်စိတ်ဝင်စားနေ

လန်ဒန် ဒီဇင်ဘာ ၂

ပရီမီယာလိဂ်ပြိုင်ဘက် လီဗာပူးနှင့် တော့တင်ဟမ် ဟော့စပါးအသင်းတို့သည် ဘာမင်ဂမ်အသင်းမှ ၂၃ နှစ်အရွယ် လူငယ်ခြေတက် နောက်ခံအားကစားသမား စကော့ဒန်းအားခေါ်ယူရန် အပြိုင်လှုပ်ရှားနေကြသည်။

စောင့်ကြည့်နေခဲ့

နောက်တန်းအလယ် လူသစ်တစ်ဦးအား ခေါ်ယူလိုသည့် လီဗာပူးမန်နေဂျာ ရွိုင်းဟော့ဒ်ဆန်အတွက် လီဗာပူးဖွား ဒန်းသည် မျက်စိကျစရာကစားသမားတစ်ယောက်ဖြစ်လာခဲ့သည်။ ထို့အတူ စပါးမန်နေဂျာ ဟယ်ရီရက်ဒ်နက်အနေဖြင့်လည်း ပွဲအား ထိန်းကျောင်းကစားနိုင်စွမ်းရှိသော ဒန်းအားကိုဗင်ထရီမှ ဘာမင်ဂမ်အသင်းသို့ ပြောင်းရွှေ့လာစဉ်ကတည်းက စိတ်ဝင်တစား စောင့်ကြည့်နေခဲ့သည်ဟု သတင်းများက ဆိုသည်။

"အခြားအခြားသော ကစားသမားတွေလိုပါပဲ အသင်းကြီးတစ်သင်းမှာ ကစားခွင့်ရရှိရေးဟာ ကျွန်တော့်ရဲ့ ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။ အခုချိန်မှာတော့ ဘာမင်ဂမ်မှာ ပျော်ရွှင်နေပြီး အသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ဖို့ အာရုံစိုက်ထားပါတယ်"ဟု ဒန်းကဆိုသည်။

လီဗာပူးနှင့် စပါး အပြိုင်စိတ်ဝင်စားနေသည့် ဘာမင်ဂမ် နောက်ခံလူ စကော့ဒန်း။

ပြီးခဲ့သည့်ရာသီက ဘာမင်ဂမ်အသင်းအနေဖြင့် ၁၂ ပွဲ ရှုံးပွဲမရှိ စံချိန်သစ်တင်နိုင်ခဲ့ရာတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ရာသီဝက် အပြောင်းအရွှေ့တွင် မျက်နှာသစ် ကစားသမားများခေါ်ယူ အင်အားဖြည့်တင်းရန် ကြံစဉ်နေသော လီဗာပူးအသင်းသည် ပြင်သစ်လူငယ် မာမက်ဒူဆာခိုနှင့် ဆွစ်ဇာလန် နောက်ခံလူ ရီတိုဇီဂလာတို့အား ဆက်သွယ်လျက်ရှိသည်။ ပရီမီယာလိဂ် ချန်ပီယံဆုအတွက် စိန်ခေါ်နိုင်ရန် ကစားသမားသစ်များခေါ်ယူမည့် စပါးအသင်းအနေဖြင့်လည်း တိုက်စစ်မှူး ကာရင်ဘန်ဇီမာနှင့် နောက်တန်းကစားသမား ဖိလစ်ပီမက်ဆက်တို့ကိုလည်း ခေါ်ယူရန် စီစဉ်နေသည်။

အင်တာနက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏
၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျောင်းဖွင့်ရက်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များနှင့် အစိုးရနည်းပညာကောလိပ်/သိပ္ပံများတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် သင်တန်းများအားလုံးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

ကျောင်းစတင်ဖွင့်မည့်ရက်	-	၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် (တနင်္လာနေ့)
ကျောင်းအပ်ရန်စတင်လက်ခံမည့်ရက်	-	၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)
ကျောင်းအပ်နောက်ဆုံးလက်ခံမည့်ရက်	-	၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (သောကြာနေ့)

ကျောင်းအပ်လက်ခံသည့်ရက်ထက် နောက်ကျ၍ လာရောက်အပ်နှံသော ကျောင်းသား/သူများအား လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိလိုပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများရှိ ကျောင်းသားရေးရာဌာနများ၌ စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ အမှတ်(၂၂၂/အေ)နေ ဒေါ်နော်ညွန့်မေမှ တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်၊ နှင်းဆီလမ်းနေ ဦးဟုန်ဟွား[၁၃/တကန(ဧည့်)၀၀၀၉၅၇]ထံသို့ လွှဲအပ်ထားသော ၁-၂-၂၀၀၈ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၉/၂၀၀၈)အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နော်ညွန့်မေ[၁၃/တကန(နိုင်)၁၃၁၃၅၉]

အရွယ်မရောက်သေးသောသူငယ်ကိုအုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
(အုပ်ထိန်းသူလူကြီးတို့နှင့်အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ - ၁၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၃၀

ဒေါ်ဖြူဖြူလှ
[၁၂/ကမရ(နိုင်)၀၃၂၉၁၉]
အမှတ်-၁၃၅(ဂျေ)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့ --------- **လျှောက်သူ**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်-၁၃၅ (ဂျေ)နေ အရွယ်မရောက်သေးသောသူငယ် မခင်လပြည့်နှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်-၁၃၅(ဂျေ)နေ ဒေါ်ဖြူဖြူလှက အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မခင်လပြည့်၏ အုပ်ထိန်းသူ(မိခင်)ဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပေးပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကိုထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၇ ရက် (၁၃၇၂ ခုနှစ် နတ်တော်လဆန်း ၁ ရက်) နေ့တွင် ဆိုင်ဆိုရန်ချိန်းချက်မူသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်ဆန်း
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျောင်းဖွင့်ရက်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် သင်တန်းများအားလုံးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

ကျောင်းစတင်ဖွင့်မည့်ရက်	- ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက် (တနင်္လာနေ့)
ကျောင်းအပ်ရန်စတင်လက်ခံမည့်ရက်	-၂၀၁၀ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက် (ဗုဒ္ဓဟူးနေ့)
ကျောင်းအပ်နောက်ဆုံးလက်ခံမည့်ရက်	- ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက် (သောကြာနေ့)

ကျောင်းအပ်လက်ခံသည့်ရက်ထက် နောက်ကျ၍ လာရောက်အပ်နှံသော ကျောင်းသား/သူများအား လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိလိုပါက သက်ဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်များရှိ ကျောင်းသားရေးရာဌာနများ၌ စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မိုးကုတ်သံဝေဇနီယဓမ္မပူဇာအဖွဲ့(နေ့)တရားစခန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သွေးဆေးကန်အနီးရှိ မူလကမ္ဘာအေးလေး ကျောင်းတိုက်၌ (၁၃၇၂ ခုနှစ် နတ်တော်လဆန်း ၅ ရက်မှ နတ်တော်လဆန်း ၉ ရက်) ၁၁-၁၂-၂၀၁၀ ရက်(စနေနေ့)မှ ၁၅-၁၂-၂၀၁၀ ရက်(ဗုဒ္ဓဟူးနေ့)ထိ မိုးကုတ်သံဝေဇနီယဓမ္မပူဇာအဖွဲ့၏ (၃၂) ကြိမ်မြောက်(နေ့)တရားစခန်းကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ကျင်းပပါမည်။

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏ တရားတော်နှင့် လုပ်ငန်းစဉ်များကို တိုက်ရိုက်နာယူကျင့်ကြံ အားထုတ်ကြမည်ဖြစ်ရာ ဆရာတော် ဦးဝိမလ (ဓမ္မာစရိယ)နှင့် ဆရာမ ဒေါ်အေးခိုင် (ဆုထူးပန် အဘိဓမ္မာ)တို့က အသုံးချတရားတော်အနှစ်ချုပ် စာအုပ်နှင့်အတူ ပေါင်းကူးရှင်းလင်းဆွေးနွေးပေးမည်ဖြစ်ပါသည်။

တရားစခန်းဝင်လိုသူယောဂီများသည် ဆရာတော် ဦးဝိမလ ဖုန်း-၃၈၂၂၈၆ သို့ ဆက်သွယ်နိုင်ပါကြောင်း။

မိုးကုတ်သံဝေဇနီယဓမ္မပူဇာအဖွဲ့
ဖုန်း-၅၅၄၅၆၄

ရောင်းချရန်ကြော်ငြာစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး
၂၀၁၀ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၈

ဦးကျော်ဝင်း နှင့် ၁။ ဦးရီချက်စ်ဒက်စ်
၂။ ဦးခရစ္စတိုဖာဒက်စ်(ခ)ဦးမြင့်ဝေ
၃။ ဒေါ်ဂျိုးစဖင်းဒက်စ်
(တရားနိုင်) **(တရားရှုံးများ)**

၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၃၂ တွင် ချမှတ်ထားသော အနိုင်ဒီကရီအား အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းကို အများပြည်သူတို့ရှေ့တွင် လေလံတင်ရောင်းချမည်ဖြစ်၍ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင် လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၁ ဘီ၊ မြေကွက်အမှတ်-၄၂၃၊ ဧရိယာအကျယ်အဝန်း ၃၈-½ပေ × ပေ၃၀ရှိ မြေကွက်နှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ လမ်း-၁၂၀၊ အမှတ်-၃၁ ဟုခေါ်တွင်သော နှစ်ထပ်အိမ်အဆောက်အအုံနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

ကြမ်းခင်းဈေး - ကျပ်သိန်း (၂၀၀၀)တိတိ

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်က တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင် ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်း ရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင်လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချမည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် (၁၀၀) လျှင် (၂၅) ကျပ်ကို လေလံဆွဲ ဝယ်ယူပြီးသည့်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိ သတ်မှတ်သည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ခွင့် ရှိရမည်။

၆။ လေလံဆွဲ ဝယ်ယူရရှိသည့် တန်ဖိုး၏ (၂၅%)ကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့် နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် အကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးအေးခိုင်
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းဒေသကြီး တရားရုံး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
သီးနှံအထူးပြုစိုက်ပျိုးရေးသင်တန်းကျောင်း ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ အောင်ပန်းမြို့နှင့်မြိတ်မြို့များတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း စတင်ဖွင့်လှစ်မည့် သီးနှံအထူးပြုစိုက်ပျိုးရေးသင်တန်းကျောင်းများသို့ တက်ရောက်လိုသူများသည် ပူးတွဲပါလျှောက်လွှာပုံစံဖြင့် လျှောက်ထားနိုင်သည်။

၂။ အဆိုပါသင်တန်းကျောင်းများတွင် ဒေသအလိုက် အောက်ပါအထူးပြုသီးနှံများကို သင်ကြားမည်ဖြစ်ပါသည်။

ဖွင့်လှစ်မည့်ဒေသ		သင်ကြားမည့်အထူးပြုသီးနှံ
အောင်ပန်းမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)	-	ကုန်းမြင့်သီးနှံများ (အာလူး၊ ကြက်သွန်ဖြူ ပဲပုပ်၊ ပြောင်းနှင့် ဟင်းသီးဟင်းရွက်များ)
မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး	-	ရော်ဘာနှင့်ဆီအုန်း

၃။လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရပါမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်တန်းကို ဓာတုဗေဒနှင့် ရူပဗေဒ ဘာသာရပ်အတွဲဖြင့် အောင်မြင်သူဖြစ်ပြီး လျှောက်လွှာပိတ်ချိန်တွင် အသက် (၂၅)နှစ်ထက် မကြီးရ။

၄။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာကျေးရွာ(သို့) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံချက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် ကိုယ်လက်ကျန်းမာသန်စွမ်းကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာဆရာဝန်၏ထောက်ခံချက်၊ စာမေးပွဲအောင်မြင်ကြောင်းနှင့် မွေးသက္ကရာဇ်အတွက် နောက်ဆုံးပညာသင်ကြားခဲ့သောကျောင်းမှ ကျောင်းအုပ်ကြီး၏ထောက်ခံချက်၊ တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်စာရင်းတို့၏ (မူရင်းများ)နှင့် မိဘနှစ်ပါးနှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပါရှိရမည်။

၅။ တက်ရောက်လိုသူများသည် စိုက်ပညာဌာနခွဲ၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ (ရုံးအမှတ်-၁၅)၊ နေပြည်တော်ခရိုင်သို့လည်းကောင်း၊ တိုင်းမန်နေဂျာရုံး၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီးသို့လည်းကောင်း၊ ပြည်နယ်မန်နေဂျာရုံး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တောင်ကြီးမြို့၊ ရှမ်းပြည်နယ်၊ ပြည်နယ်မန်နေဂျာရုံး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်သို့လည်းကောင်း၊ ခြိမန်နေဂျာရုံး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဟဲဟိုးမြို့၊ မြို့နယ်မန်နေဂျာရုံး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကလောမြို့သို့လည်းကောင်း ၂၄-၁၂-၂၀၁၀ ရက်ထက်နောက်မကျစေဘဲ လျှောက်ထားရမည်။

၆။ ၅-၇-၂၀၁၀ ရက်ထုတ် ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာပါကြော်ငြာအရ ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ သာယာဝတီ စိုက်ပျိုးရေးသိပ္ပံ ပထမနှစ်သို့ လျှောက်ထားခဲ့သော ကျောင်းသား/သူများသည် ယခုသင်တန်းသို့ တက်ရောက်လိုပါက အသစ်ထပ်မံလျှောက်ထားနိုင်သည်။

၇။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၂၁၀၃၇/၂၁၀၃၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သီးနှံအထူးပြုစိုက်ပျိုးရေးသင်တန်းကျောင်းဝင်ခွင့်လျှောက်လွှာပုံစံ

ဓာတ်ပုံ

၁။ **လျှောက်ထားသူ၏အကြောင်းအရာ**

အကြောင်းအရာ		အမည်	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူးဌာန
လျှောက်ထားသူ	မြန်မာ			
	အင်္ဂလိပ်			
ဖခင်				
မိခင်				
မိဘကွယ်လွန်ပြီးဖြစ်ပါက အုပ်ထိန်းသူ၏				

၂။လျှောက်ထားသူ၏ မွေးသက္ကရာဇ်--------------------ခုနှစ်၊ ------------လ၊ -------------ရက်

၃။တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်စာစစ်ဌာန-------------------၊ ပြည်နယ်/တိုင်း--------

၄။ဆက်သွယ်ရန်လိပ်စာ---

၅။အထက်ကြော်ငြာစာအပိုဒ်(၇)အရ လျှောက်ထားခဲ့သည့်စိုက်ပျိုးရေးသိပ္ပံတည်ရှိရာမြို့---------------

၆။တက်ရောက်လိုသောကျောင်းတည်ရှိရာ(မြို့အမည်)

ပထမဦးစားပေး------------------------ ဒုတိယဦးစားပေး-----------------------------------

----

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ၊ -------------------

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၂၇/၃၂၉)၊ (၂)ခန်းတွဲ၊ (၇)ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ်(ခြေရင်းဘက်အခြမ်း)အလျား×အနံ (၁၆ ပေ × ပေ ၅၀)အကျယ်အဝန်းရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူများဖြစ်သည့် ဦးကျော်ရင်(ခ)ဦးသန်းအောင် [၁၀/ကထန(နိုင်)၀၅၉၅၅၅] နှင့် ဒေါ်လှဌေး[၃/လဘန(နိုင်) ၀၃၅၉၂၆]တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူများမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B,A.G.T.I(EP),D.B.L,D.M.L
အထက်တန်းရှေ့နေ(စဉ်-၂၃၂၂၇)
အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ဖုန်း-၀၉-၅၁-၈၄၀၄၂၊ ၀၉-၈၅-၇၂၉၃၄၊ ၀၄၂-၇၀၄၂၇

ခွေးရောင်းမည်

နိုင်ငံခြားမျိုး Golden Retriever အထီးအမ၊ Beagle အမ၊ Pekin၊ Shizu သားခွဲများ။ **ဖုန်း-၆၅၅၅၄၃**

ခွေးရောင်းမည်

Imported အဆင့်မီ Rottweiler (၄၅)ရက်သားခွဲများ Golden Retriever အမ(၂)လ ရောင်းရန်ရှိသည်။

ဖုန်း-၀၁-၇၃၁၅၀၀၉၈၊ ၀၉-၅၀၄၇၁၂၆

ခွေးရောင်းရန်

GREATDANE ၃ လသားများ
POMER.ANIAN ၁နှစ်ဝန်းကျင်
GOLDEN.RETRIEVER ၇လသား
ROTTWEIWER ၁နှစ်ထီး
BULLDOG ၅လသား
DOG CITY PET SHOP
Ph: 09-5027588

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်နှုန်းမြင့် စူပါကွန်ပျူတာဌာန ဟူနန်ပြည်နယ်တွင် စတင်တည်ဆောက်

ချန်ရှာ ဒီဇင်ဘာ ၂

ကမ္ဘာ့တွက်ချက်ရေးမြန်နှုန်းအမြင့်ဆုံး Tianhe 1A စူပါကွန်ပျူတာထားရှိမည့် တတိယမြောက် အမျိုးသား စူပါကွန်ပျူတာဌာန (NSCC)ကို တရုတ်နိုင်ငံအလယ်ပိုင်းရှိ ဟူနန်ပြည်နယ်တွင် စတင်တည်ဆောက်နေပြီဖြစ်ကြောင်း တရုတ်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တနင်္ဂနွေနေ့က ထုတ်ပြန်ကြေညာသည်။

ကမ္ဘာ့အဋ္ဌမမြောက်

တစ်စက္ကန့်လျှင် တွက်ချက်မှု ထရီလီယံတစ်ထောင် လုပ်ဆောင်နိုင်မည့် အမျိုးသားစူပါကွန်ပျူတာဌာန တည်ဆောက်ပြီးပါက ကမ္ဘာ့အဋ္ဌမမြောက် တွက်ချက်ရေးမြန်နှုန်းမြင့် စူပါကွန်ပျူတာဌာနအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာ ဒုတိယဝန်ကြီး ဒူဇန်ယွမ်က ဆိုသည်။

ထို့ပြင် ဒူဇန်ယွမ်က အမျိုးသား စူပါကွန်ပျူတာဌာနကို ချန်ရှာမြို့ရှိ ဟူနန်တက္ကသိုလ်၌ တည်ဆောက်မည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၁ခုနှစ်အကုန်၌ အပြီးသတ်နိုင်မည်ဟု ခန့်မှန်းရကြောင်း ဆိုသည်။

စာမျက်နှာ ၇ ကော်လံ ၆ သို့ ✳

ဘာသာပြန်-ဝရဇိန်

တရုတ်နိုင်ငံ၏ တည်ဆောက်ပြီး မြန်နှုန်းမြင့် စူပါကွန်ပျူတာများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၁၀ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပါဝင်ဆောင်ရွက်ကြပါစို့

တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက အစီအမံများချမှတ်ထားရာ အားကစားကို ပြည်သူလူထုအတွင်း စိတ်ပါဝင်စားလာရေးအတွက် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ လူနည်းစုအားကစားမှ လူထုအားကစားအသွင်သို့ ပြောင်းလဲခြင်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာပြီး မြန်မာ့လက်ရွေးစင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း-ကိုထွေး

ထူးခြားသည့် ညအပူချိန်များ

၂-၁၂-၂၀၁၀

ဟားခါး	-	သုည ဒီဂရီစင်တီဂရိတ်
ပင်လောင်း	-	၅ ဒီဂရီစင်တီဂရိတ်
မချမ်းဘော	-	၆ ဒီဂရီစင်တီဂရိတ်